## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

မိမိထက် အသက်သိက္ခာဝါကြီးသောသူတို့ကို အမြဲအရိုအသေပြုလေ့ ရှိခိုးလေ့ရှိသောသူမှာ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော အကျိုးထူးတရား လေးပါးတို့သည် တိုးပွားကုန်၏။ **ဓမ္မပဒ**

# မြဝတီ နေ့စဉ်


အချိန်မီဖြန့်ချိ သတင်းစုံသည် မြဝတီ


### ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၀၉)

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်
၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့


### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၄ ခုနှစ် မဟာဘုံကထိန်အလှူတော်မင်္ဂလာအခမ်းအနားကျင်းပ



နေပြည်တော် နိုဝင်ဘာ ၁၂

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၄ ခုနှစ် မဟာဘုံကထိန်အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အနော်ရထာခန်းမ၌ ဆင်ယင်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့၊ မင်းကျောင်းပထမပြန်စာသင်တိုက်ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့၊


**စာမျက်နှာ ၁၆ ကော်လံ ၄** ☆


ကထိန်အလှူခံကျောင်း နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ရေဆင်းကံဦးကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇဝနထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။




## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၁၃ ရက်)

# ထူးခြားသည့်ဘုံကထိန်အလှူဒါန

မြန်မာတို့၏ ဆယ့်နှစ်လရာသီပွဲတော်များနှင့်ပတ်သက်၍ ရေးစာဆိုရှင်များ သီကုံးဖွဲ့ဆိုထားသော စာပေများကားလွန်စွာများပြားလှသည်။ ကိုယ့်အရှင်ကိုယ့်သခင်နှင့်နေထိုင်ရသောကာလများမို့ မြန်မာတို့၏ စာပေထွန်းကားမှုမှာ ဂုဏ်ယူဖွယ်ကောင်းလှသည်။ စာဆိုများ၏ မြန်မာစာပေတတ်မြောက်မှုမှာလည်း စံထားလောက်ပေသည်။ ထိုစာဆိုရှင်များစွာထဲမှ ဖိုးသူတော်ဦးမင်းစပ်ဆိုခဲ့သော တန်ဆောင်မုန်းလ လေးချိုးကဗျာလေးမှာ ကြည်နူးဖွယ်အတိဖြစ်သည်။ ထိုလေးချိုးကဗျာမှာ **"လှူကထိန်သင်္ကန်းနှင့်၊ မင်္ဂလမ်းတဲ့ဆုပန်ရှုယ်။ သည်ချိန်ကို ဝတ်မှုန်ကြဲလို့၊ ခဝဲရွှေညာရင်းမှာ၊သင်းရနံ့ကြွယ်။ ကောင်းကင်လယ်၊ ထက်ဝယ်ဘုံဦး။ ငွေလစန္ဒာနှင့်၊ ကြယ်တို့ကာကြယ်ပြောင်ရှန်းငယ်၊ ထွန်းထိန်လို့မြူး"** ဟူ၍ဖြစ်သည်။

တန်ဆောင်မုန်းလသည် သဘာဝအလှနှင့်လူသားတို့၏ထူးခြားချက်အလှတို့ဖြင့် တန်ဆာဆင်ထားသည့် အားလျော်စွာ ထူးခြားထင်ရှားသောအလှူဒါနပွဲမှာ ကထိန်ပွဲဖြစ်သည်။ ကထိန်ဆိုသည်မှာ ကထိနဟူသော ပါဠိစကားမှဆင်းသက်လာခြင်းဖြစ်သည်။ ထိုကထိန်၏ဆိုလိုရင်းမှာမြဲမြံခြင်း၊ ခိုင်ခံ့ခြင်း၊ ခိုင်မြဲခြင်းဟူ၍ဖြစ်သည်။ မြဲခြင်းအမျိုးမျိုးရှိကြရာတွင် ကထိန်နှင့်ပတ်သက်၍မြဲခြင်းမှာ အချိန်ကာလအားဖြင့်မြဲခြင်းနှင့် အကျိုးတရားအားဖြင့်မြဲခြင်းတို့ဖြစ်သည်။ အချိန်ကာလအားဖြင့်မြဲခြင်းမှာ သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ တစ်လအတွင်းမှာ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းရခြင်းဖြစ်သည်။ ကထိန်ခင်းခြင်းကို ဘုရားရှင်ကိုယ်တော်တိုင် သတ်မှတ်ပေးခြင်းဖြစ်၍ အခြားသောလများတွင် ကထိန်ခင်းခြင်းလုပ်ဆောင်၍မရပေ။

"ရဟန်းတို့၊ ဝါကျွတ်သောရဟန်းတို့အား ကထိန်ခင်းခြင်းငှာခွင့်ပြု၏။ ရဟန်းတို့ ကထိန်ခင်းပြီးသော ရဟန်းတို့အား ထင်ရှားစွာရှိသောရဟန်းတို့အားမပန်ကြားဘဲ ဒါယကာအိမ်သို့သွားနိုင်ခြင်း၊ တိစီဝရိတ် အဓိဋ္ဌာန်တင်သော သင်္ကန်းကိုမယူဘဲသွားနိုင်ခြင်း၊ ဂဏဘောဇဉ်ကိုစားနိုင်ခြင်း၊ အဓိဋ္ဌာန်ဝိကပ္ပနာ မပြုသောသင်္ကန်းကို အလိုရှိတိုင်းဆောင်နိုင်ခြင်း၊ ထိုကထိန်ခင်းသောကျောင်း၌ သင်္ကန်းဖြစ်ပေါ်လာတိုင်း ကထိန်ခင်းသောရဟန်းတို့အား ဖြစ်ရခြင်းဟူသော ငါးပါးသော ကထိန်အာနိသင်တို့ကိုရကုန်၏" ဟူ၍ မြတ်စွာဘုရားမိန့်တော်မူခဲ့ရာ ကထိန်၏အကျိုးကိုရဟန်းတော်တို့ရရှိသည့်နည်းတူ လှူဒါန်းသူဒါယကာ၊ ဒါယိကာမတို့လည်းရရှိကြသည်။ ကထိန်ဒါနပြုသူတို့မှာ လိုရာခရီးသို့ အပိတ်အပင်အဆီးအတားမရှိဘေးရန်ကင်းကွာ ချမ်းသာစွာသွားရောက်နိုင်ခြင်း၊ မိမိတို့၏ပိုင်ဆိုင်ဥစ္စာများရပ်ဝေး၌ သိမ်းထားစေကာမူ ဘေးမသီရန်မခခြင်း၊ ကောင်းမွန်သည့် အစာအာဟာရကိုစားရပြီး အစာမှအဆိပ်မသင့်နိုင်ခြင်း၊ ရောက်ရာဘဝတွင် စည်းစိမ်ချမ်းသာပေါများကြွယ်ဝခြင်း၊ ဖြစ်ပေါ်လာသည့်စီးပွားဥစ္စာခိုင်မြဲခြင်းတို့သည် ကထိန်အလှူရှင်တို့ခံစားရနိုင်သည့် အကျိုးကျေးဇူးများပင်ဖြစ်သည်။

မြတ်စွာဘုရားရှင်သည် ဝါတော်နှစ်ဆယ်မပြည့်မီက ရဟန်းတော်များသည် ပံ့သကူသင်္ကန်းကို ဝတ်ရုံလေ့ရှိသည်။ ဝါတော်နှစ်ဆယ်ပြည့်သောအခါတွင် ပံ့သကူသင်္ကန်းသာမက ဂဟပတိစီဝရခေါ် ဒါယကာတို့လှူသောသင်္ကန်းကို ဝတ်ရုံခွင့်ရကြသည်။ ထိုအခြေအနေမျိုးတွင်ပံသကူစုတင်ဆောင် ရဟန်းတော်များ အခက်အခဲမရှိစေရန် ပံ့သကူပစ်မှုပေါ်ပေါက်လာသည်။ ဤသို့ဖြင့် ပံ့သကူပစ်သော အလှူတစ်မျိုးပြုလုပ်သူများလာသဖြင့် ပွဲတစ်ခုအနေဖြင့်သတ်မှတ်ကြသည်။ ဤပံ့သကူပစ်ပွဲမှာလည်း တန်ဆောင်မုန်းလ၏ ထူးခြားချက်အလှပင်ဖြစ်သည်။

ကထိန်နှင့်ပတ်သက်၍ အကျိုးတရားအားဖြင့်မြဲပုံမှာ ကထိန်ခင်းသည့်ကျောင်းတိုက်တွင် သီတင်းသုံးတော်မူကြသည့် ပုရိမဝါမှထသောရဟန်းတော်များမှာ သီတင်းကျွတ်လပြည့်ကျော်တစ်ရက်မှ တပေါင်းလပြည့်နေ့တိုင်အောင် ငါးလတိတိ ကထိန်အကျိုးငါးမျိုးကို ခိုင်ခိုင်မြဲမြဲရရှိစေပါသည်။ ထူးခြားလေးနက်သော ဝိနည်းပိဋ္ဌကတ်အရ အလေးအမြတ်ပြုအပ်သော သာသနာတော်ဆိုင်ရာ အခမ်းအနားဖြစ်သကဲ့သို့ ကထိန်သင်္ကန်းလှူဒါန်းသည့်အလှူရှင်တို့မှာ အရဟတ္တဖိုလ်ပေါက် နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်သည်အထိ အကျိုးထူးရရှိနိုင်သည်။ ထို့ကြောင့် ကထိန်သင်္ကန်းလှူဒါန်းခြင်းမှာ ထူးကဲမွန်မြတ်လှသည့် အလှူဖြစ်သည်။

ကထိန်ခင်းခြင်းဆိုသည်မှာ လူဒါယကာ၊ ဒါယိကာမတို့ဆောင်ရွက်ရခြင်းမဟုတ်ဘဲ ရဟန်းသံဃာတော်များကသာ ကထိန်ခင်းရခြင်းဖြစ်သည်။ ဒကာ၊ ဒကာမများက ကထိန်ခင်းရန်အတွက် ဥတ်သင်္ကန်းကို လှူဒါန်းရခြင်းဖြစ်သည်။ ဥတ်သင်္ကန်းကို သံဃာတော်များက သိမ်ထဲမှာ ဥတ်ကမ္မဝါကိုဖတ်ပြီးလျှင် ကထိန်ခင်းမည့်ရဟန်းကို သံဃာတော်များ၏သဘောတူညီမှုနှင့်သင်္ကန်းပေးရခြင်းဖြစ်သည်။ ထိုသို့ သိမ်ထဲတွင်ဥတ်ကမ္မဝါဖတ်ကာ သင်္ကန်းပေးပြီးမှ ကထိန်ခင်းရသည့်အတွက် ကထိန်သင်္ကန်းကို ဥတ်သင်္ကန်းဟုခေါ်ခြင်းဖြစ်သည်။ ပဒေသာပင်တွင်သီထားသည့်သင်္ကန်းများမှာ ကထိန်သင်္ကန်းမဖြစ်ဘဲ ကထိန်အရံသင်္ကန်းများသာဖြစ်သည်။ ဒုကုဋ်၊ ကေသီနှင့်သင်းပိုင်ဟူသောသင်္ကန်းသုံးထည်မှ ကထိန်ခင်းရခြင်းဖြစ်သည်။အဆိုပါသင်္ကန်းသုံးထည်တွင် ဒုကုဋ်မှာပခုံးတင်၊ ကေသီမှာအပေါ်ဝတ်ရုံ၊ သင်းပိုင်ဆိုသည်မှာ ခါးအောက်ဝတ်ရုံသာဖြစ်သည်။ ထိုသုံးထည်မှ တစ်ထည်ထည်သာလျှင် ကထိန်သင်္ကန်း သို့မဟုတ် ဥတ်သင်္ကန်းဖြစ်သည်။ အဆိုပါကထိန်သင်္ကန်းကို အားလုံးစုပေါင်းထားသည့် အလှူငွေဖြင့်လှူမှုသာ ဘုံကထိန်ဆိုသည့်အတိုင်း အားလုံးအလှူရှင်ဖြစ်ပေမည်။ အနှစ်ချုပ်ဆိုရသော် ထူးခြားသည့် ဘုံကထိန်အလှူဒါနတွင် ပျော်ရွှင်မဆုံးလှူဒါန်းကြသည့်မြင်ကွင်းများမှာ ကြည်နူးဖွယ်ကောင်းလှပါကြောင်း။ ။




# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ
# ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
( ခ ) နိုင်ငံ့ဝန်ထမ်းများ။
( ဂ ) ပညာသင်ကြားနေသူများ။
(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။
( င ) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။
( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။
( ခ ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။
( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။
(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။
( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## သဇင် (FM)အသံလွှင့်အစီအစဉ်

၁၃-၁၁-၂၀၂၄(ဗုဒ္ဓဟူးနေ့)

| | | | |
|---|---|---|---|
| ၁။ ၀၉:၀၀ | Market News | ၄။ ၁၄:၅၀ | ဖတ်သမျှ မှတ်သမျှ |
| ၂။ ၁၁:၅၀ | နွယ်မြက်သစ်ပင်ဆေးဖက်ဝင် | ၅။ ၁၅:၃၅ | Happy Zone |
| ၃။ ၁၃:၀၀ | ပြည်သူ့ကြားက ပြည်သူ့စကား | ၆။ ၂၁:၄၀ | ချောက်ချောက်ချားချားဖြစ်ရပ်များ |


မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# လှည်းကူးမြို့နယ်၌ လူသုံးကုန်ပစ္စည်းထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်လှစ်

ရန်ကုန် နိုဝင်ဘာ ၁၂

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးခရိုင် လှည်းကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ရန်ကုန်မြောက်ပိုင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ လူသုံးကုန်ပစ္စည်းထုတ်လုပ်မှု နည်းပညာသင်တန်းကို လှည်းကူးမြို့နယ် မလစ်ကျေးရွာအုပ်စု မလစ်အနောက်ကျေးရွာ ဘုန်းတော်ကြီးကျောင်းမန္တာရုံ၌ နိုဝင်ဘာလ ၁၁ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းနောင်၊ လှည်းကူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင်အောင်သန်းတို့က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန္တာစိုးက အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများဖွင့်လှစ်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိကာ မိသားစုဝင်ငွေများ တိုးပွားလာစေရန်ရည်ရွယ်၍ ယခုကဲ့သို့ သင်တန်းကိုဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းမှ သင်ကြားပေးသည့်အတတ်ပညာများကို ကျွမ်းကျင်ပိုင်နိုင်စွာ တက်မြောက်အောင်သင်ကြားကြရန် ပြောကြားသည်။

ထို့နောက် မြောက်ပိုင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးရဲဇော်ထွန်းက အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် နည်းပညာပိုင်းဆိုင်ရာကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် သင်တန်းသား၊ သင်တန်းသူများအား စီးပွားဖြစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်နိုင်သည်အထိ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို နိုဝင်ဘာလ ၁၁ ရက်မှ ၁၅ ရက်အထိ စာတွေ့လက်တွေ့ ငါးရက်ကြာဖွင့်လှစ်သင်ကြားလျက်ရှိပြီး သင်တန်းသို့ မလစ်အနောက်ကျေးရွာအုပ်စုရှိ အနီးဝန်းကျင်ကျေးရွာများမှ ကျေးလက်နေပြည်သူ ၁၅ ဦးတို့ တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။ **အေးအေးနွဲ့(ပြန်/ဆက်)**

# ကျောက်ဆည်မြို့နယ် ကင်းကျေးရွာ၌ စိုက်ပျိုးထားသော မိုးနှောင်းဝါစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

ကျောက်ဆည် နိုဝင်ဘာ ၁၂

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ကင်းကျေးရွာရှိ ဒေသခံတောင်သူများသည် ရာသီအလိုက် ပဲမျိုးစုံနှင့်တခြားသီးနှံများကို စိုက်ပျိုးကြပြီး မိုးနှောင်းကာလတွင် ဝါနှင့်ပဲစင်းငုံကို သီးထပ်သီးညှပ်စိုက်ပျိုးကြရာ တောင်သူဦးမြင့်လွင် စိုက်ပျိုးထားသော မိုးနှောင်းဝါစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။



ဝါစိုက်ပျိုးရာတွင် အပင်ပေါက်နှုန်းကောင်းမွန်သည့် ချည်မျှင်ရှည်ဝါမျိုးများကိုရွေးချယ်ပြီး အပင်မကျပ်စေရန်နှင့် မျိုးစေ့ကုန်ကျမှုသက်သာစေရန် စိုက်ကျင်းတစ်ကျင်းလျှင် ဝါမျိုးစေ့သုံးစေ့ထက် မပိုဘဲ တစ်ကေသတ်မှတ်အပင်ရေပြည့်မီစေရန် စိုက်တန်း/စိုက်ကျင်းများကို ၃ ပေအကွာ၊ ၃ ပေအကျယ်၊ နှစ်ပင်ချန်ကာ ရွက်စစ်လေးရွက်ခန့်ထွက်ချိန် စိုက်ပျိုးပြီး ၁၈ ရက်မှ ၂၂ ရက်တွင် သားခွဲစိုက်ပျိုးကြောင်း၊ အပင်သက်တမ်းတစ်လျှောက်တွင် ပေါင်းမြက်များ ရှင်းလင်းပေးရပြီး စိုက်တန်းကြားများတွင် ကြားထွန်တိုက်ခြင်းများ ပြုလုပ်ပေးရကြောင်း၊ ပန်းစပွင့်ချိန်၊ ပန်းပွင့်ဖြိုင်ချိန်နှင့် ဝါသီးကြီးထွားချိန်တို့တွင် အစိုဓာတ်လုံလောက်စွာရရှိစေရန် ရေသွင်းပြီးတိုင်း ကြားထွန်တိုက်ကာ မြေဆွပေးရကြောင်း၊ အပင်သက်တမ်း ၅၀ ရက်သားအထိ စုပ်ပိုးကာကွယ်ဆေးနှစ်ကြိမ်၊ ရက် ၆၀နောက်ပိုင်းတွင် ဝါဖွမ်းပိုးနီနှင့်ရွက်လိပ်၊ ရွက်စားပိုးအတွက်ဆေးနှစ်ကြိမ်ဖျန်းပေးရပြီး လိုအပ်ပါက တခြားပိုးများကာကွယ်ရန် ဆေးများဖျန်းပေးရကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်၌ ဝါစိုက်ပျိုးရာတွင် သင်းဒီးစိုက်ပျိုးရေးနည်းပညာပေးစခန်းနှင့် သင်းတွဲနည်းပညာပေးစခန်းတို့တွင် အဓိကထားစိုက်ပျိုးကြကြောင်းနှင့် မိုးကြို၊ မိုး၊ မိုးနှောင်းရာသီများတွင် ဝါစိုက်ဧကစုစုပေါင်း ၁၆၆၆၆ ဧကစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# ကော့သောင်းမြို့နယ်ရှိ ပြည်တော်အေးစေတီတော်၌ နှစ်ကျိပ်ရှစ်ဆူဘုရားပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပမည်

ကော့သောင်း နိုဝင်ဘာ ၁၂

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့နယ်ရှိ ပြည်တော်အေးစေတီတော်၌ နှစ်ကျိပ်ရှစ်ဆူဘုရားပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို တန်ဆောင်တိုင်ပွဲတော်ကာလအတွင်း ကျင်းပမည်ဖြစ်ကြောင်း ပြည်တော်အေးစေတီတော်ဂေါပကအဖွဲ့မှ သိရသည်။

"ကော့သောင်းမြို့နယ်အတွင်းမှာရှိတဲ့ ပြည်တော်အေးစေတီတော် သာသနာ့ဗိမာန်တော်မှာ နှစ်ကျိပ်ရှစ်ဆူဘုရားပွဲကို တန်ဆောင်မုန်းလပြည့်နေ့ကနေ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်အထိ ကျင်းပမှာပါ။ ဒီနှစ်မှာ နှစ်ကျိပ်ရှစ်ဆူဘုရားပွဲတော်ကို (၅၂)ကြိမ်မြောက်ကျင်းပတာဖြစ်ပါတယ်" ဟု ပြည်တော်အေးစေတီတော်ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယခုနှစ်တွင်ပြည်တော်အေးစေတီတော် နှစ်ကျိပ်ရှစ်ဆူဘုရားပွဲကို ယခင်နှစ်များနည်းတူ ကျင်းပမည်ဖြစ်ပြီး နှစ်ကျိပ်ရှစ်ဆူဘုရားများ လှည့်လည်အပူဇော်ခံမည့် တန်ဆောင်မုန်းလပြည့်နေ့တွင် ကော့သောင်းမြို့ ဘုရင့်နောင်ခန်းမရှေ့မှစ၍ မြို့ထဲသို့ မြို့လမ်းကြောင်းတစ်လျှောက် စီတန်းလှည့်လည်ကာ အပူဇော်ခံမည်ဖြစ်သည်။

ထိုသို့ လှည့်လည်အပူဇော်ခံရာတွင် ရပ်ကွက်တစ်ခုလျှင် ဘုရားတစ်ဆူနှုန်း တာဝန်ယူကာ ဘုရားပင့်ဆောင်သောမော်တော်ယာဉ်များ၊ စည်တော်ယိမ်းအဖွဲ့၊ ဒိုးပတ်ဝိုင်းအဖွဲ့များနှင့်အတူ လှည့်လည်အပူဇော်ခံမည်ဖြစ်ပြီး လမ်းတစ်လျှောက်တွင် ဒေသခံအလှူရှင်များက စတုဒိသာကျွေးမွေးလှူဒါန်းခြင်းဖြင့် ပါဝင်ကုသိုလ်ယူကြမည်ဖြစ်သည်။

ထို့ပြင် တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်တွင် ကော့သောင်းမြို့နယ်ရှိ သံဃာတော်အပါး ၁၀၀၀ ကျော်အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် စာရေးတံမဲပွဲကို ကျင်းပမည်ဖြစ်ရာ ဒေသခံပြည်သူများက ပါဝင်ကုသိုလ်ယူ လှူဒါန်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဆောင်းဦး**

# မိုးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

ထားဝယ် နိုဝင်ဘာ ၁၂

တနင်္သာရီတိုင်းဒေသကြီး သစ်တောဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ မိုးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာအသိပညာပေးဟောပြောပွဲကို နိုဝင်ဘာလ ၁၂ ရက်တွင် ထားဝယ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ကျင်းပသည်။


ဟောပြောပွဲတွင် ထားဝယ်ခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလွင်ကိုဦးက မိုးခိုးမြူငွေ့ဖြစ်ပေါ်လာသည့်အချက်များ၊ မိုးခိုးမြူငွေ့အမျိုးအစားများ၊ မိုးခိုးမြူငွေ့၏ဆိုးကျိုးများ၊ ကာကွယ်နိုင်သည့် နည်းလမ်းများအား အသိပညာပေးဟောပြောသည်။

ထို့နောက် ထားဝယ်မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးရဲဝင်းအောင်က ရာသီဥတုပြောင်းလဲလာခြင်း၊ ရာသီဥတုပြောင်းလဲခြင်းကြောင့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်လာခြင်း၊ သစ်ပင်စိုက်ပျိုး ပြုစုထိန်းသိမ်းခြင်းဖြင့် ရာသီဥတုကောင်းမွန်လာစေခြင်း စသည့်အကြောင်းအရာများကိုလည်းကောင်း၊ ရေဖြူမြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိဦးနိုင်လင်းအောင်က သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာမှု၊ သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်သည့်အကြောင်းရင်းများနှင့် သစ်တောသစ်ပင်များသည်အရေးကြီးသည့်ကဏ္ဍတွင် ပါဝင်နေမှုတို့ကိုလည်းကောင်း အသိပညာပေးဟောပြောကြသည်။

အဆိုပါအသိပညာပေးဟောပြောပွဲသို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**

## မိုးလေဝသ သတင်း




| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| ပင်လောင်း | (၀.၅၁)လက်မ |
| နမ့်စန် (ရှမ်းပြည်နယ်တောင်ပိုင်း) | (၀.၃၉)လက်မ |
| ပျဉ်းမနား(ဝဲကြီး) | (၀.၃၅)လက်မ |
| ဟဲဟိုး | (၀.၁၆)လက်မ |

| ထူးခြားသည့်ညအပူချိန်များ | |
|---|---|
| ဟားခါး | ၇.၆°C |
| တီးတိန် | ၁၀.၂°C |
| ပြင်ဦးလွင် | ၁၂.၁°C |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၁၄ | ၃၁ |
| ရှမ်း(မြောက်) | ၁၃ | ၃၀ |
| ရှမ်း(အရှေ့) | ၁၉ | ၃၀ |
| ရှမ်း(တောင်) | ၁၆ | ၂၆ |
| ချင်း | ၉ | ၂၂ |
| စစ်ကိုင်း(အထက်) | ၁၉ | ၃၁ |
| စစ်ကိုင်း(အောက်) | ၂၂ | ၃၃ |
| နေပြည်တော် | ၂၃ | ၃၂ |
| မန္တလေး | ၂၄ | ၃၂ |
| မကွေး | ၂၂ | ၃၃ |
| ရခိုင် | ၂၂ | ၃၃ |
| ပဲခူး | ၂၁ | ၃၃ |
| ရန်ကုန် | ၂၂ | ၃၄ |
| ဧရာဝတီ | ၂၂ | ၃၃ |
| ကယား | ၁၈ | ၃၁ |
| ကရင် | ၂၂ | ၃၄ |
| မွန် | ၂၂ | ၃၄ |
| တနင်္သာရီ | ၂၂ | ၃၄ |

# မြစ်ကိုအလျှားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

"ဆရာ၊ ဆရာမတွေဆိုတာ ကျေးလက်လူတန်းစားတွေရဲ့ ကယ်တင်ရှင်ဘဝလမ်းညွှန်ဆရာတွေလည်းဖြစ်တယ်၊ ကလေးတွေကို စာပေသင်ပြပေးရုံတစ်ခုသာမဟုတ်ဘူး၊ ကျေးလက်ဒေသရဲ့လူမှုရေးလိုအပ်ချက်တွေကိုလည်း တတ်နိုင်သလောက် သယ်ပိုးဆောင်ကြဉ်းပေးကြရမယ်။ တစ်နည်းအားဖြင့် ပညာရေး၊ ကျန်းမာရေးလမ်းစပိတ်နေတာကို အလင်းတံခါးတွေ ဖွင့်ပေးကြရမယ်။ ဥပမာ - ကျေးလက်ဒေသစာကြည့်တိုက် တည်ထောင်ပေးတာမျိုးပေါ့နော်. . ."

**ယမန်နေ့မှအဆက်**

**ပညာရေး ပန်းမြိုင်လယ်မှာ**

ကျွန်တော်ကား ယုံကြည်ချက်တောင်ကုန်းကြီးကို ကျော်လွှားနိုင်ခဲ့ပေပြီ။ ကိုယ်ရည်မှန်းထားသည့်အတိုင်း ဖြစ်လာခဲ့ပြီမို့ ကျေနပ်မှုတွေက ရင်နှင့်အပြည့်။

ကျွန်တော်တို့ရခိုင်ဒေသတွင် မြေပုံမြို့နယ်မှာ လမ်းပန်းဆက်သွယ်ရေးအခက်ခဲဆုံးသောဒေသဖြစ်သည်။ ပင်လယ်ရေပြင်ထဲတွင် ကျွန်းစု၊ ကျွန်းတန်းများ ပြွတ်သိပ်စွာရှိနေကြသောနေရာဖြစ်၍ ခရီးသွားလာသူတို့မှာ ရေလမ်းတစ်ခုတည်းကိုသာ အမှီသဟဲပြုပြီး သွားလာကြရသောမြို့နယ်ဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေးအားနည်းသဖြင့် အစစအရာရာနိမ့်ကျမှုရှိသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးစကာလမှစ၍ ဗကပတို့သည် ရခိုင်ဒေသတွင် လမ်းပန်းဆက်သွယ်ရေးခက်ခဲလွန်းသော မြေပုံမြို့နယ်ကို ခြေကုပ်ယူခဲ့ကြသည်။ သူတို့ကြီးစိုးမင်းမူမှုကြောင့် ဒေသဖွံ့ဖြိုးရေးကို ထိခိုက်ခြင်းဖြစ်သည်။ အထူးသဖြင့် ဆယ်တန်းအောင်၊ ဘွဲ့ရ စသောပညာတတ်များရှားပါးသဖြင့် အခြေခံပညာကျောင်းများတွင် ဆရာပြည့်စုံမှု မရှိကြခြင်းပင်။ သို့ဖြစ်ပါ၍ ကိုယ့်မြို့နယ်တွင်းမှာ ဆယ်တန်းအောင်များရှိလာလျှင် မူလတန်းပြကျောင်းဆရာ ဆွဲခန့်ခန့်ပေးလေ့ရှိသည်။ ဤနှစ်တွင်လည်း အခြေခံပညာအထက်တန်းအောင်မြင်ကြသူများကို မူလတန်းပြဆွဲခန့်ခန့်ဖို့ ခေါ်ယူထားခဲ့ပါလေပြီ။ ကျွန်တော်အပါအဝင် ဆယ်တန်းအောင်သူများ မြို့နယ် ပညာရေးမှူးရုံးသို့ ရောက်ရှိလာကြသည်။

"မင်္ဂလာပါ ဆရာကြီး"

ကျွန်တော်တို့သည် ပြိုင်တူမတ်တတ်ရပ်လိုက်ကြပြီး မြို့နယ်ပညာရေးမှူးကို ဂါရဝပြုလိုက်ကြ၏။

"မင်္ဂလာပါ"

မြို့နယ်ပညာရေးမှူးကလည်း ပြန်လည်နှုတ်ဆက်သည်။

"ဒီနေ့ သားတို့၊ သမီးတို့ကို ကျောင်းဆရာ၊ ဆရာမတွေအဖြစ် ခန့်အပ်တာဝန်ပေးလိုက်ပါပြီ"

မြို့နယ်ပညာရေးမှူး၏ မေတ္တာစကားသံသည် ကျွန်တော့်နားထဲသို့ ချိုမြိန်စွာဝင်သွားသည်။

"သားတို့၊ သမီးတို့က ကျရာဒေသ၊ ရောက်ရာအရပ်မှာ စေတနာ၊ ဝါသနာ၊ အနစ်နာဆိုတဲ့ နာသုံးနာအပြင် အကြင်နာတရားကိုပါဖြည့်စွက်ပြီး ကျေးလက်ရင်ခွင်ကြားက တောင်သူလယ်သမားသားသမီးတွေ၊ ရေပင်လယ်ထဲက ရေလုပ်သား သားသမီးတွေ စတဲ့နိုင်ငံရဲ့ အခြေခံကျတဲ့ ကျေးလက်လူတန်းစားတွေရဲ့သားသမီးတွေကို ပညာသင်ကြားပေးကြရမယ်"

"ဆရာ၊ ဆရာမတွေဆိုတာ ကျေးလက်လူတန်းစားတွေရဲ့ ကယ်တင်ရှင် ဘဝလမ်းညွှန်ဆရာတွေလည်း ဖြစ်တယ်၊ ကလေးတွေကို စာပေသင်ပြပေးရုံတစ်ခုသာမဟုတ်ဘူး၊ ကျေးလက်ဒေသရဲ့ လူမှုရေးလိုအပ်ချက်တွေကိုလည်း တတ်နိုင်သလောက် သယ်ပိုးဆောင်ကြဉ်းပေးကြရမယ်။ တစ်နည်းအားဖြင့် ပညာရေး၊ ကျန်းမာရေးလမ်းစပိတ်နေတာကို အလင်းတံခါးတွေ ဖွင့်ပေးကြရမယ်။ ဥပမာ-ကျေးလက်ဒေသ စာကြည့်တိုက် တည်ထောင်ပေးတာမျိုးပေါ့နော်"

"ဒါကြောင့် ဆရာ၊ ဆရာမတွေရဲ့အလုပ်ဟာ မွန်မြတ်တဲ့အလုပ်ဖြစ်သလို ဆရာ၊ ဆရာမတွေရဲ့ ဘဝတွေကလည်း ထာဝရမြင့်မြတ်နေပါတယ်"

"ဆရာ၊ ဆရာမတွေအားလုံး ကာယသုခ၊ စိတ္တသုခတို့နဲ့ပြည့်ဝကြပြီး မိဘကျေးဇူးကိုသိတတ်သော၊ ဆရာသမားကျေးဇူးကိုသိတတ်သော၊ နိုင်ငံ့အကျိုးကို သယ်ပိုးနိုင်သော လူတော်လူကောင်းတွေ ဖြစ်နိုင်ကြပါစေ"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ"

မြို့နယ်ပညာရေးမှူး စကားအဆုံးတွင် ကျွန်တော့်ရင်တစ်ခုလုံး အရမ်းပေါ့ပါးပျော်ရွှင်သွားသည်။ ချက်ချင်းဆိုသလိုပဲ ရုံးအကူဖြစ်ဟန်တူသူက ကျွန်တော်တို့ကို အော်ဒါစာရွက်တွေ တစ်ဦးလျှင် တစ်ရွက်ကျစီ လိုက်ဝေပေးသည်။ ကျွန်တော်သည် မိမိရထားသောစာရွက်ကို ဝမ်းသာအားရဖြန့်ကြည့်လိုက်သည်။

အမှတ်(၉၇) မောင်ဘညွန့် အခြေခံပညာအထက်တန်းစာမေးပွဲအောင် (အပြင်လူ)အား မြေပုံမြို့နယ် သရက်တောင်ရွာ၌ လစ်လပ်နေသော မူလတန်းပြလက်ထောက်ဆရာနေရာတွင် အမှန်တကယ် အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ မူလတန်းပြလက်ထောက်ဆရာနေရာ(ဆွဲခန့်)အဖြစ်ခန့်ထားလိုက်သည်။

ကျွန်တော့်အလုပ်ခန့်စာလေးကို ရင်ဘတ်တွင်ကပ်ထားလိုက်သည်။ အလုပ်ရမည့်ရတော့လည်း အမေ့ရွာ၊ ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။ ကမ္ဘာပေါ်မှာ ကျောင်းဆရာအဖြစ်ချင်ဆုံး လူတစ်ယောက်ကို ပြပါဆိုလျှင် ကျွန်တော့်အား ပြရပေလိမ့်မည်ဟု ကြုံးဝါးနေခဲ့သော ကျွန်တော်၊ ခုတော့ တကယ်ကျောင်းဆရာစစ်စစ် ဖြစ်ခဲ့ပါလေပြီ။

ဩော် ဒီကျောင်းဆရာဘဝ ရာသီမှန်နှစ်ရှည်သီးပင်ကြီးမှာ သစ်သီးလေးတစ်လုံး သီးခွင့်ရရေးအတွက် ကြိုးစားလိုက်ရတာ၊ ကူးခပ်လိုက်ရတာ၊ ပြေးလွှားလိုက်ရတာ နေ့ပေါင်း၊ လပေါင်း၊ နှစ်ပေါင်းများစွာ။

ကျောင်းတော်မြေမှ ထွက်ခွာလာပြီးနောက် သက္ကရာဇ်ဒိုင်ယာရီကို သမင်လည်ပြန် ပြန်ကြည့်လိုက်လျှင်-

၁၉၆၇- ၆၈ = ၁ နှစ်
၁၉၆၈- ၆၉ = ၁ နှစ်
၁၉၆၉- ၇၀ = ၁နှစ်
၁၉၇၀- ၇၁ = ၁ နှစ်
၁၉၇၁- ၇၂ = ၁ နှစ်
၁၉၇၂- ၇၃ = ၁ နှစ်
၁၉၇၃- ၇၄ = ၁ နှစ်
၁၉၇၄- ၇၅ = ၁ နှစ်
၁၉၇၅- ၇၆ = ၁ နှစ်

နဝမတန်း (ပြင်ပဖြေ) (ကျောင်းထွက်ပြီးကိုး–နှစ်အကြာ)

၁၉၇၆ - ၇၇ = ၁ နှစ်

အ.ပ.ထ (ခ) အောင် (ကျောင်းထွက်ပြီး ၁၀–နှစ်အကြာ)

၁၉၇၇- ၇၈ = ၁ နှစ်

အ.ပ.ထ (ခ) အောင် (ကျောင်းထွက်ပြီး ၁၁–နှစ်အကြာ)

၁၉၇၈ - ၇၉ = ၁ နှစ်

အ.ပ.ထ (က) အောင် (ကျောင်းထွက်ပြီး ၁၂–နှစ်အကြာ) ဆိုလျှင်

ကျောင်းမှထွက်ပြီး ၁၂ နှစ် အကြာတွင်မှ ကျွန်တော်သည် ဆယ်တန်းကို (က) အဆင့်ဖြင့် အောင်ခဲ့ပါသည်။ ခု ကျွန်တော် အကျေနပ်ကြီး ကျေနပ်ပြီး လူဖြစ်ရကျိုးနပ်ပါပြီ။

**ဆက်လက်ဖော်ပြပါမည်။**

## ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ နံရံကပ်စာစောင်ပြပွဲများပြုလုပ်



သထုံ နိုဝင်ဘာ ၁၂

မွန်ပြည်နယ် သထုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ပြီး ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောခြင်း၊ နံရံကပ်စာစောင်ပြသခြင်းများကို နိုဝင်ဘာလ ၁၁ ရက်က သထုံမြို့နယ် ပေါ်တော်မူကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်း (ကျောက်တန်း) ၌ ပြုလုပ် သည်။

ရှေးဦးစွာ သထုံခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းစာကို ကြိုးစားသင်ယူကြသကဲ့သို့ ဗဟုသုတတိုးပွားစေရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရန် ဟောပြောသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာပေများထဲမှ မိမိနှစ်သက်ရာစာအုပ်စာပေများကို စိတ်ကြိုက်ရွေးချယ်ဖတ်ရှုကာ စာဖတ်စွမ်းရည်ယှဉ်ပြိုင်ခြင်း၊ ပုံပြော၊ ကဗျာရွတ်ဆိုယှဉ်ပြိုင်ခြင်းများ ပြုလုပ်ကြသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကလေးများ အသိပညာတိုးပွားရေး၊ စာအုပ်စာပေများနှင့် စာဖတ်ရှိန်မြှင့်တင်ရေး စသည့်အသိပညာပေးနံရံကပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ချမ်းမြေ့**

## ဒဂုံ (မြောက်ပိုင်း) မြို့နယ်၌ ရှေးဦးပြုစုခြင်း(အခြေခံ) သင်တန်းဆင်း

ရန်ကုန် နိုဝင်ဘာ ၁၂

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ခရိုင် ဒဂုံ(မြောက်ပိုင်း)မြို့နယ် ကြက်ခြေနီအသင်းခွဲမှ ကြီးမှူးဖွင့်လှစ်သော လူမှုကူညီရေး (ပရဟိတ) အသင်းများအတွက် ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းဆင်းပွဲကို နိုဝင်ဘာလ ၁၂ ရက်တွင် အဆိုပါရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်ဌေး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းဝင်းတို့က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများက ရှေးဦးပြုစုနည်းဖြင့် လူနာအသက်ကယ်နည်းများကို လက်တွေ့သရုပ်ပြကြသည်။

ထို့နောက် သင်တန်းတွင် ထူးချွန်ဆုရရှိသော သင်တန်းသား၊ သင်တန်းသူများအား ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်ဌေး၊ ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးကျော်မြင့်အောင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဝင်းတို့က ထူးချွန်ဆုများ အသီးသီးပေးအပ်ကြသည်။

အဆိုပါသင်တန်းဆင်းပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်ဌေး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးကျော်မြင့်အောင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းများမှ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ နည်းပြဆရာများ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**မြင့်မြင့်ရီ**

# အာရှကိုမဏ္ဍိုင်ပြု ဖွံ့ဖြိုးမည့်ဤကမ္ဘာမှာ

ထက်မြတ်

ဒီတစ်ခေါက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သွားရောက်ခဲ့တဲ့ တရုတ်နိုင်ငံခရီးစဉ်က တော်တော်လေးကို ထူးခြားမှုတွေရှိနေတာ တွေ့ရပါတယ်။ အရင်ဆုံးမြန်မာ့အမြင်နဲ့ကြည့်မယ်ဆိုရင် နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ခရီးစဉ်က မြန်မာနိုင်ငံအတွက်ကောင်းကျိုးများစွာကို ဆောင်ကြဉ်းပေးနိုင်ခဲ့သလို ကျွန်တော်တို့မြန်မာနိုင်ငံကြီး ဒီထက်ပိုပြီးဖွံ့ဖြိုးတိုးတက်မယ့်အခွင့်အလမ်း အမြောက်အမြားကိုလည်း သယ်ဆောင်လာပေးနိုင်ခဲ့တာတွေ့ရပါတယ်။ ဒီနေရာမှာ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရရဲ့တာဝန်က ဘယ်လောက်အထိကြီးမားတယ်။ ပါဝင်ဆောင်ရွက်ရတဲ့အခန်းကဏ္ဍက ဘယ်လောက်အထိအရေးပါတယ်။ အစိုးရအဖွဲ့ရဲ့ဦးဆောင်သူခေါင်းဆောင်ကောင်းတစ်ယောက်ဟာ အခွင့်အရေးသာရမယ်ဆိုရင်၊ အခွင့်အရေးရအောင်သာကြိုးပမ်းမယ်ဆိုရင်ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးနဲ့ နိုင်ငံတော်ရဲ့အမျိုးသားအကျိုးစီးပွားအတွက်ကို ဘယ်လောက်အတိုင်းအတာအထိ လုပ်ဆောင်ပေးနိုင်တယ်ဆိုတာ နောင်လာနောက်သားတွေအနေနဲ့ မျက်မြင်ထင်ရှားကြုံတွေ့ သင်ယူခွင့်ရရှိလိုက်ပါတယ်။ ဒါကြောင့် နိုင်ငံတော်ရဲ့မျိုးဆက်သစ်တစ်ယောက်ဖြစ်တဲ့ မိမိအနေနဲ့ အခုလိုမျိုး နိုင်ငံတော်အစိုးရတစ်ရပ်ရဲ့ အဓိကအားဖြင့် နိုင်ငံတော်အကြီးအကဲတစ်ယောက်ရဲ့ တာဝန်ဘယ်လောက်အထိ ကြီးမားတယ်ဆိုတာကို သင်ယူခွင့်ရတဲ့အတွက် ကျေးဇူးတင်ရှိကြောင်း ဦးစွာပထမပြောလိုပါတယ်။

### ပူးပေါင်းဆောင်ရွက်မှုအတွက် အစည်းအဝေးများ

နိုင်ငံတော်အကြီးအကဲက နိုဝင်ဘာလ ၅ ရက်မှ ၁၀ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ ဖိတ်ကြားချက်အရ တရုတ်နိုင်ငံကိုသွားရောက်ခဲ့တာပါ။ အဲဒီခရီးစဉ်မှာ အဋ္ဌမအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေး၊ (၁၀) ကြိမ်မြောက် ဧရာဝတီ–ကျောက်ဖရား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ထိပ်သီးအစည်းအဝေးနဲ့ (၁၁) ကြိမ်မြောက် ကမ္ဘောဒီးယား–



လာအို - မြန်မာ - ဗီယက်နမ်ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးတို့ကို တက်ရောက်ခဲ့တာဖြစ်ပါတယ်။ ဒီအစည်းအဝေးသုံးခုဟာ မြန်မာနိုင်ငံအတွက်သာမက ဒေသတွင်းဖွံ့ဖြိုး



တိုးတက်မှုအတွက်ပါ သိပ်ကိုအရေးကြီးတဲ့ အစည်းအဝေးတွေဖြစ်တယ်ဆိုတာ အသေအချာပါပဲ။ ဒါ့အပြင် နိုင်ငံတော်အကြီးအကဲက နောက်ထပ်အရေးကြီးတဲ့ အစည်းအဝေးတွေကိုလည်း တက်ရောက်ခဲ့ပါသေးတယ်။

အဲဒီအစည်းအဝေးတွေကတော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီကျန်းနဲ့တွေ့ဆုံမှု၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ်ပါတီအတွင်းရေးမှူး မစ္စတာဝမ်နင်းတို့နဲ့ တွေ့ဆုံမှုအပြင် တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနဲ့တွေ့ဆုံမှုသည်လည်း မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် သိပ်ကိုအရေးပါတဲ့တွေ့ဆုံဆွေးနွေးမှုတွေ ဖြစ်ခဲ့ပါတယ်။ ဒါတင်မကပါဘူး။ နိုင်ငံတော်ဝန်ကြီးချုပ်က အစည်းအဝေးကိုတက်ရောက်လာတဲ့ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း စတဲ့အိမ်နီးချင်းနဲ့ဒေသတွင်းနိုင်ငံများမှ ခေါင်းဆောင်များနဲ့လည်း နှစ်နိုင်ငံချင်းစီ တွေ့ဆုံဆွေးနွေးမှုတွေ လုပ်ခဲ့ပါသေးတယ်။ ဒီလိုဆွေးနွေးမှုတွေကနေ အပြုသဘောဆောင်တဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ဆက်လက်

**❖ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ တရုတ်ခရီးစဉ်အတွင်းမှာ ရရှိခဲ့တဲ့သဘောတူညီချက်တွေ၊ ကတိကဝတ်တွေကိုကြည့်လိုက်ရင် မြန်မာနိုင်ငံနဲ့ နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေမယ့် ဆွေးနွေးမှုများသာဖြစ် . . .**

**❖ တရုတ်နိုင်ငံက မြန်မာနိုင်ငံရဲ့ ပြည်တွင်းတည်ငြိမ်အေးချမ်းရေးအတွက် အပြည့်အဝထောက်ခံအားပေးကူညီသွားမည်ဖြစ်ပြီး အိမ်နီးချင်းကောင်းနိုင်ငံအဖြစ် ထာဝရရပ်တည်သွားမည် . . .**

**❖ မြန်မာနိုင်ငံမြောက်ပိုင်း တည်ငြိမ်အေးချမ်းရေးသည် အရေးကြီးပြီး တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့်နယ်မြေပိုင်ဆိုင်မှုတို့ကို ထပ်လောင်းအသိအမှတ်ပြုကြောင်းနှင့် တရုတ်နိုင်ငံအတွင်းအခြေပြု၍ မြန်မာနိုင်ငံ၏ အကျိုးပျက်စီးအောင်ဆောင်ရွက်နေမှုများကို လက်ခံမည်မဟုတ် . . .**

လုပ်ဆောင်သွားဖို့အတွက် သဘောတူညီချက်တွေလည်း ရရှိခဲ့တာတွေ့ရပါတယ်။

### မြန်မာနိုင်ငံနဲ့ပြည်သူများအတွက် အကျိုးရှိစေမယ့်ဆွေးနွေးမှုများ

နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ တရုတ်ခရီးစဉ်အတွင်းမှာ ရရှိခဲ့တဲ့သဘောတူညီချက်တွေ၊ ကတိကဝတ်တွေကိုကြည့်လိုက်ရင် မြန်မာနိုင်ငံနဲ့ နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေမယ့် ဆွေးနွေးမှုများသာဖြစ်ပါတယ်။ အရင်ဆုံး တရုတ်နိုင်ငံရဲ့ ကတိကဝတ်ပြုမှုများကို ဦးစွာပထမ တင်ပြလိုပါတယ်။ တရုတ်နိုင်ငံက မြန်မာနိုင်ငံရဲ့ ပြည်တွင်းတည်ငြိမ်အေးချမ်းရေးအတွက် အပြည့်အဝထောက်ခံအားပေးကူညီသွားမည်ဖြစ်ပြီး အိမ်နီးချင်းကောင်းနိုင်ငံအဖြစ် ထာဝရရပ်တည်သွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်ကို ထောက်ခံပါကြောင်းနှင့် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက်လည်း ဆန္ဒပြုကူညီမည့်အကြောင်း၊ မြန်မာနိုင်ငံမြောက်ပိုင်း တည်ငြိမ်အေးချမ်းရေးသည်အရေးကြီးပြီး တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှုတို့ကို ထပ်လောင်းအသိအမှတ်ပြုကြောင်းနှင့် တရုတ်နိုင်ငံအတွင်းအခြေပြု၍ မြန်မာနိုင်ငံ၏အကျိုးပျက်စီးအောင်ဆောင်ရွက်နေမှုများကို လက်ခံမည်မဟုတ်ကြောင်း၊ နှစ်နိုင်ငံနယ်စပ်ဂိတ်များသည် အစိုးရ၏ စီမံခန့်ခွဲမှုအောက်တွင် ရှိရမည်ဖြစ်ပြီး အပြည့်အဝ စီမံခန့်ခွဲနိုင်ရေးအတွက်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရုတ် – မြန်မာစီးပွားရေးစင်္ကြံတည်ဆောက်ရေးသည် ထိပ်တန်းစီမံကိန်းဖြစ်သဖြင့် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအရေးသည် တရုတ်နိုင်ငံ၏အိမ်နီးချင်းနိုင်ငံအရေးပင်ဖြစ်သဖြင့် နိုင်ငံတကာစာမျက်နှာ၌လည်း တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် ရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းတို့ကို တရုတ်နိုင်ငံဝန်ကြီးချုပ်က ကတိပြုခဲ့တာပါ။

ဒါ့အပြင် ကျွန်တော်တို့မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံတို့ကြား နားလည်မှုစာချွန်လွှာနဲ့ သဘောတူစာချုပ် ခုနစ်ခုကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့ပါသေးတယ်။ အဲဒီလို သဘောတူညီချက်တွေထဲကမှ သင်တန်းကျောင်းများအဆင့်မြှင့်တင်ခြင်းစီမံကိန်းများ၊ စိုက်ပျိုးရေးထွက်ကုန်များအတွက် ဓာတုဆိုင်ရာလိုအပ်ချက်များနှင့် အပင်ပိုးမွှားရောဂါကင်းရှင်းရေးဆိုင်ရာ



သဘောတူညီချက်၊ တိကျစွာ တိုင်းတာခြင်းနည်းပညာ ပူးပေါင်းဆောင်ရွက်မှုနဲ့ အားကစားမြှင့်တင်ရေးနားလည်မှုသဘောတူညီချက်များဟာ မြန်မာနိုင်ငံအတွက်အင်မတန်မှအကျိုးကျေးဇူးများတဲ့

စာမျက်နှာ ၆ သို့ ✿

✿ စာမျက်နှာ ၅ မှအဆက်

သဘောတူညီချက်တွေဖြစ်တာအမှန်ပါပဲ။

ဒ့ါအပြင် ကျွန်တော်တို့ရဲ့နိုင်ငံတော်အကြီးအကဲက အစည်းအဝေးကို တက်ရောက်လာတဲ့ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ လာအိုနိုင်ငံဝန်ကြီးချုပ်တို့နဲ့ နှစ်နိုင်ငံကြား ဆက်ဆံရေးခိုင်မြဲစေဖို့နဲ့ ပူးပေါင်းဆောင်ရွက်မှုတွေအတွက် အောက်ပါအကြောင်းအရာများနဲ့ပတ်သက်ပြီး ဆွေးနွေးမှုတွေလုပ်ခဲ့ပါသေးတယ်-

(၁) နိုင်ငံများကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်တည်ဆောက်သွားမည့်အခြေအနေများ။

(၂) မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများနှင့် လက်ရှိ ပကတိအခြေအနေများ။

(၃) လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ။

(၄) အာဆီယံအဖွဲ့အတွင်း မြန်မာနိုင်ငံအနေဖြင့် အကောင်းဆုံးပူးပေါင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ။

(၅) အာဆီယံအစည်းအဝေးများတွင် မြန်မာနိုင်ငံမှပါဝင်နိုင်မှုအခြေအနေများ။

(၆) မြန်မာနိုင်ငံ၌ ဖြစ်ပေါ်နေသည့် အခြေအနေများကို ငြိမ်းချမ်းစွာဖြေရှင်းနိုင်ရန် လိုအပ်သည့် အခြေအနေများနှင့် ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုနိုင်ငံတို့မှလည်း အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးသွားမည့်အခြေအနေများ။

(၇) မြန်မာ - ကမ္ဘောဒီးယား - လာအိုနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များ။

(၈) ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ရေးဆိုင်ရာ ကိစ္စရပ်များ။

(၉) နှစ်နိုင်ငံကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ လူမှုရေးကဏ္ဍနှင့် ယဉ်ကျေးမှုကဏ္ဍများ မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များပဲဖြစ်ပါတယ်။



## တရုတ်နိုင်ငံရဲ့အမြော်အမြင်

အထက်မှာဖော်ပြခဲ့တဲ့ ထိပ်သီးအစည်းအဝေးတွေထဲမှာ တရုတ်နိုင်ငံအနေနဲ့ တိုက်ရိုက်ပါဝင်ပတ်သက်မှုရှိတာက မဟာမဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေးတစ်ခုတည်းမှာပါ။ ဒါပေမဲ့ ထိပ်သီးအစည်းအဝေး သုံးခုစလုံးကိုသာမကတခြားသောဆက်စပ်အစည်းအဝေးတွေကိုလည်း တရုတ်အစိုးရက လက်ခံကျင်းပခဲ့ပါတယ်။ ဒီအခြေအနေက နည်းနည်းလေးတော့ ထူးခြားနေတာအမှန်ပါပဲ။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်အကြီးအကဲက တရုတ်နိုင်ငံကိုသွားပြီး အစည်းအဝေးတွေတက်မယ်ဆိုတဲ့သတင်း ကြားတုန်းက အတွေးတစ်ခုဝင်ခဲ့ဖူးပါတယ်။ ဘာလဲဆိုတော့ ဒီအစည်းအဝေးတွေမှာ တရုတ်နိုင်ငံရဲ့ တိုက်ရိုက်ပါဝင်ပတ်သက်မှုကနည်းပါးနေတာတောင်မှ ဘာကြောင့်များ ဒီလိုမျိုးအစည်းအဝေးတွေကို လက်ခံကျင်းပရတာလဲဆိုပြီးတော့ပါ။ ဒါပေမဲ့ ကိုယ်ကပဲ သိနိုင်တဲ့ဉာဏ်နည်းလို့လားတော့မသိပါဘူး။ အဖြေကိုမသိခဲ့တာအမှန်ပါပဲ။

အခု နိုင်ငံတော်အကြီးအကဲအနေနဲ့ ဒီခရီးစဉ်ကိုသွားရောက်ပြီး ပြန်လာတဲ့အခါကျမှသာ ဒီခရီးစဉ်ရဲ့အရေးပါမှုနဲ့ တရုတ်နိုင်ငံရဲ့အမြော်အမြင်ကြီးမားမှုကို မျက်ဝါးထင်ထင် မြင်တွေ့လိုက်ရသလို တရုတ်အစိုးရအနေနဲ့ ဘာကြောင့်များ အခုလိုမျိုးအစည်းအဝေးတွေကို လက်ခံကျင်းပရတယ်ဆိုတဲ့ အကြောင်းရင်းကို သိရှိလိုက်ရပါတယ်။ ဒီအချိန်မှာ နိုင်ငံတော်အကြီးအကဲရဲ့ခရီးစဉ်ကို မြန်မာကြည့်မဟုတ်ဘဲ ကမ္ဘာကြည့်အနေနဲ့ ဆက်ပြီးရှုမြင်မိပါတော့တယ်။ အရင်ဆုံး ကျွန်တော်တို့အနေနဲ့ ဒီအစည်းအဝေးတွေကိုလက်ခံကျင်းပတဲ့ တရုတ်နိုင်ငံရဲ့ ရည်ရွယ်ချက်ကို ကြည့်လိုက်ရအောင်ပါ။ တရုတ်နိုင်ငံဟာ ကမ္ဘာပေါ်မှာထွန်းသစ်စထိပ်တန်းနိုင်ငံကြီး တစ်နိုင်ငံဖြစ်သလို ဒုတိယမြောက် စီးပွားရေးအင်အားကြီးနိုင်ငံလည်းဖြစ်ပါတယ်။

ဒ့ါအပြင် သူ့ရဲ့ မဟာဗျူဟာကို မျှော်ကြည့်ပြန်ရင်လည်း ငြိမ်းချမ်းရေးနဲ့တည်ငြိမ်အေးချမ်းရေးကို ဗဟိုပြုတဲ့ နိုင်ငံအားလုံးပါဝင်သောဖွံ့ဖြိုးတိုးတက်မှုဆီ လျှောက်လှမ်းနေတာကို မြင်တွေ့ရမှာပါ။ ဒီလိုမျိုးလျှောက်လှမ်းရာမှာ ဒေသတွင်းနိုင်ငံများနဲ့ ပူးပေါင်းဆောင်ရွက်မှုကသိပ်ကိုအရေးကြီးပါတယ်။ အိမ်နီးချင်းမှာ၊ ဒေသတွင်းမှာတိုးတက်ပါမှ ကမ္ဘာ့တစ်ဝန်းတိုးတက်မှုဆီ ဆက်လက်လျှောက်လှမ်းနိုင်မှာမဟုတ်ပါလား။ ဒါကြောင့် တရုတ်အစိုးရက မဟာမဲခေါင်ဒေသခွဲအစည်းအဝေးကို ကျင်းပမှုနဲ့အတူ ဆက်စပ်အစည်းအဝေးတွေကိုလည်း အစည်းအဝေးတက်ရောက်လာကြတဲ့နိုင်ငံများနဲ့ တရုတ်နိုင်ငံတို့ကြား အပြန်အလှန်အကျိုးစီးပွားများတိုးတက်ပွားများစေဖို့အတွက် ရည်မှန်းကာ ဆွေးနွေးမှုတွေလုပ်မယ်ဆိုတဲ့ဆန္ဒနဲ့ လက်ခံကျင်းပပေးခဲ့တာတွေ့ရပါတယ်။

နိုင်ငံတကာသတင်းထုတ်ပြန်ချက်တွေကိုကြည့်မယ်ဆိုရင် သူတို့ရဲ့ရည်ရွယ်ချက်နဲ့ဆန္ဒပြည့်ဝတယ်လို့ပြောနိုင်ပါတယ်။ ဥပမာအားဖြင့် မြန်မာနိုင်ငံနဲ့တရုတ်နိုင်ငံတို့ကြားရရှိတဲ့သဘောတူညီချက်တွေကိုကြည့်မယ်ဆိုရင်ပဲ မြန်မာနိုင်ငံမှာ တရုတ်နိုင်ငံက လာရောက်ရင်းနှီးမြှုပ်နှံမှုတွေလုပ်မယ်ဆိုတာတွေ့ရပါတယ်။ ဒီလိုရင်းနှီးမြှုပ်နှံမှုလုပ်တယ်ဆိုတာ သူ့ဘက်ကိုယ့်ဘက် နှစ်ဦးစလုံးအတွက် ဘယ်သူ့ဘယ်သူမှ ဆုံးရှုံးနစ်နာခြင်းမရှိပါဘဲ စီးပွားဖြစ်ထွန်းတဲ့ဆောင်ရွက်မှုတစ်ခုဖြစ်တာ အားလုံးအသိပါ။ တရုတ်နိုင်ငံက မြန်မာနိုင်ငံနဲ့သာမက တခြားသောနိုင်ငံများနဲ့လည်း အလားတူ သဘောတူညီချက်တွေ ရရှိခဲ့ပါသေးတယ်။

## တရုတ်နိုင်ငံဦးဆောင်တဲ့ တောင်ကမ္ဘာခြမ်း

တိုက်တိုက်ဆိုင်ဆိုင်ဆိုသလိုပဲ နိုင်ငံတော်အကြီးအကဲဦးဆောင်တဲ့ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ တရုတ်နိုင်ငံကနေပြန်လာခါနီးအချိန်မှာပဲ တရုတ်နိုင်ငံကို



အင်ဒိုနီးရှားသမ္မတလာရောက်ကာ တရုတ်နိုင်ငံနဲ့ အင်ဒိုနီးရှားနိုင်ငံတို့ကြား အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံတန်ဖိုးရှိတဲ့ သဘောတူညီချက်တွေကို လက်မှတ်ထိုးလိုက်နိုင်တာတွေ့ရပါတယ်။ တစ်ချိန်တည်းမှာပဲ စင်ကာပူနိုင်ငံကို သွားရောက်တဲ့ တရုတ်ဒုတိယဝန်ကြီးချုပ်ကလည်း တရုတ်နိုင်ငံနဲ့ စင်ကာပူနိုင်ငံတို့ကြား ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် ၂၅ ရပ်ကို လက်မှတ်ရေးထိုးလိုက်နိုင်ပါသေးတယ်။ ဒီအခြေအနေတွေကနေဖော်ပြနေတဲ့အရာကတော့ ကျွန်တော်တို့မြန်မာနိုင်ငံပါဝင်သော အရှေ့တောင်အာရှဒေသကိုလွှမ်းခြုံထားတဲ့ အာရှဒေသတစ်ခုလုံးဟာ ကမ္ဘာ့စီးပွားရေးအတွက် မဏ္ဍိုင်တစ်ခုဖြစ်လာပြီဆိုတဲ့ အချက်ပါပဲ။

အမြော်အမြင်ကြီးမားလှတဲ့ တရုတ်နိုင်ငံရဲ့လုပ်ဆောင်မှုတစ်ခုကိုပြပါဆိုရင် ခါးပတ်တစ်ကွင်း၊ လမ်းတစ်ကြောင်းလို့ခေါ်တဲ့ မဟာဗျူဟာမြောက်စီမံကိန်းကြီးကို လက်ညှိုးထိုးပြရပါလိမ့်မယ်။ ဒီစီမံကိန်းမှာ ကျွန်တော်တို့မြန်မာနိုင်ငံကလည်း မဟာဗျူဟာမြောက်အချက်အချာနေရာကနေ ပါဝင်နေတာတွေ့ရပါတယ်။ ဒီစီမံကိန်းကြီးကနေ ဆောင်ကြဉ်းပေးလာနိုင်တဲ့ အရာကြီးတစ်ခုကတော့ ဒေသတွင်းမှာသာမက တစ်ကမ္ဘာလုံးရဲ့ဖွံ့ဖြိုးတိုးတက်မှုကြီးပဲဖြစ်ပါတယ်။ နောက်တစ်ချက်က လက်ရှိအချိန်မှာ တောင်ကမ္ဘာခြမ်းအဖွဲ့အစည်းဆိုတာက တစ်နေ့တခြားဖွံ့ဖြိုးတိုးတက်မှုတွေမြင့်မားလာနေတဲ့ ဒေသကြီးဖြစ်ပြီး အဲဒီအဖွဲ့အစည်းထဲမှာ ထွန်းသစ်စနိုင်ငံတွေ ပါဝင်နေပါတယ်။ အများအားဖြင့်က အာရှဒေသနိုင်ငံများပါ။ ဒီလိုမျိုးထွန်းသစ်စနိုင်ငံတွေကို ဦးဆောင်လာတဲ့နိုင်ငံကိုပြပါဆိုရင်လည်း တရုတ်နိုင်ငံကိုသာ လက်ညှိုးထိုးပြရမှာဖြစ်ပါတယ်။ ဒါပေမဲ့ တရုတ်နိုင်ငံက သူတစ်နိုင်ငံတည်းဦးဆောင်ပြီး ဖွံ့ဖြိုးတိုးတက်ရေးကိုသွားနေတာမဟုတ်ပါဘူး။

အကြောင်းရင်းက ဧကဝင်ရိုးကမ္ဘာကြီးကနေ ဗဟုဝင်ရိုးကမ္ဘာကြီးကိုဖော်ဆောင်မယ်ဆိုတဲ့ တရုတ်နိုင်ငံရဲ့ ကတိပြုမှုကြောင့်ပါ။ ဒါကြောင့်လည်း တရုတ်နိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်က အင်ဒိုနီးရှားသမ္မတ မစ္စတာပရာဘိုဝိုဆူဘီယန်တိုနဲ့တွေ့ဆုံစဉ် အင်ဒိုနီးရှားနိုင်ငံကိုလည်း တောင်ကမ္ဘာခြမ်းအဖွဲ့အစည်းကို ပူးတွဲဦးဆောင်သွားကြဖို့ ဖိတ်ခေါ်တိုက်တွန်းခဲ့တာဖြစ်ပါတယ်။ အင်ဒိုနီးရှားနိုင်ငံဆိုတာကလည်း ကမ္ဘာပေါ်မှာစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအမြင့်ဆုံးနိုင်ငံတစ်နိုင်ငံပါ။ ဒ့ါအပြင် စင်ကာပူနိုင်ငံဆိုသည်မှာလည်း ကမ္ဘာ့စီးပွားရေးဗဟိုချက်တစ်ခုလည်း ဖြစ်လာနေပါတယ်။ ထို့အတူ ဗီယက်နမ်နိုင်ငံတို့၊ ထိုင်းနိုင်ငံတို့ဆိုတာ




ဒေသတွင်းမှာဖွံ့ဖြိုးတိုးတက်နေတဲ့နိုင်ငံများသာမက ကမ္ဘာ့အဆင့်အထိတက်လှမ်းဖို့အတွက် ခြေလှမ်းပြင်နေကြတဲ့နိုင်ငံများဖြစ်တယ်လို့ ပြောရင်လည်း မမှားနိုင်ပါဘူး။

စာမျက်နှာ ၇ သို့✿

# ရပ်စောက်မြို့၌ (၆၅)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်း



ရပ်စောက် နိုဝင်ဘာ ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်တွင် (၆၅)ကြိမ်မြောက် ရပ်စောက်မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ရပ်ကွက်နေပြည်သူအလှူရှင်များပါဝင်သည့် စုပေါင်းမဟာဘုံကထိန်ပွဲတော် အလှူမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် မြို့ကုန်းရပ်ကွက် စူဠာမုနိကုသိုလ်တော်ဘုရားကြီးဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ခဲ့ကြပြီး ရပ်စောက်မြို့နယ် သံဃနာယကအဖွဲ့အကျိုးတော်ဆောင်မင်္ဂလာရန်အောင်ကျောင်းဆရာတော်ထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ခဲ့ကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များက ကထိန်သင်္ကန်းများကို ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် ရပ်စောက်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌမဟာသဒ္ဓမ္မဇောတိကဓဇ မြို့မဘုရားကြီးကျောင်းဆရာတော်ထံမှ ကထိန်အနုမောဒနာတရား နာကြား၍ ရေစက်သွန်းချအမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းခဲ့ပြီး ပင့်သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

(၆၅)ကြိမ်မြောက် ရပ်စောက်မြို့နယ် စုပေါင်းမဟာဘုံကထိန်ပွဲတွင် နေ့ဆွမ်း၊ နဝကမ္မ၊ ဆေးပဒေသာပင်၊ ပဒေသာပင်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းတန်ဖိုး စုစုပေါင်း ငွေကျပ် ၁၂၈၃၉၉၆၈၀ သိန်းအား ရပ်စောက်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းတိုက်များသို့ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်းနှင့် အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းစိုးနိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များတက်ရောက်ကြကြောင်း သိရသည်။

နိုင်ထွန်း

❁ စာမျက်နှာ ၆ မှအဆက်

**ကျေးဇူးအနန္တပါခင်ဗျာ**

ကျွန်တော်တို့မြန်မာနိုင်ငံဆိုသည်မှာလည်း ဖွံ့ဖြိုးတိုးတက်မှုတွေဆီဦးတည်နေတဲ့နိုင်ငံဖြစ်လာပါပြီ။ ဒီလိုဖြစ်လာအောင်ပဲ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်တဲ့ အစိုးရအဖွဲ့က တရုတ်နိုင်ငံနဲ့သာမက ဒေသတွင်းနိုင်ငံများနဲ့ပါ အပြုသဘောဆောင်တဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်ဆောင်လာနိုင်ခြင်းကြောင့်ဖြစ်ပါတယ်။ ဒီအချိန်မှာ ကမ္ဘာ့ပတ်ဝန်းကျင်အခြေအနေအရပ်ရပ်ကို ပြန်ကြည့်မယ်ဆိုရင် မြောက်ကမ္ဘာခြမ်းမှာ ပြဿနာပေါင်းစုံဖြစ်ပေါ်နေချိန် တရုတ်နိုင်ငံအပါအဝင် ထွန်းသစ်စစီးပွားရေးအင်အားကြီးနိုင်ငံတွေ ပေါင်းစုဦးဆောင်တဲ့ တောင်ကမ္ဘာခြမ်းက ဘက်စုံဖွံ့ဖြိုးတိုးတက်မှုဆီ ဦးတည်လာနေပါပြီ။ ဒီလိုဖွံ့ဖြိုးတိုးတက်မှုတွေရဲ့ ဗဟိုချက်ဝင်ရိုးက ဘယ်မှာရှိမလဲဆိုရင် အာရှဒေသမှာရှိနေမှာပါ။ အာရှဒေသထဲမှာမှ ကျွန်တော်တို့လို ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ စီးပွားရေးအခွင့်အလမ်းကောင်းများစွာ ရှိနေမယ်ဆိုတာအသေအချာပါပဲ။

ဒါကြောင့် တရုတ်အစိုးရရဲ့ခေါင်းဆောင်မှု၊ အာရှဒေသရှိထွန်းသစ်စစီးပွားရေးအင်အားကြီးနိုင်ငံများရဲ့ဦးဆောင်မှု၊ ဖွံ့ဖြိုးဆဲ ဒေသတွင်းနိုင်ငံငယ်များရဲ့အတူတကွ ပူးပေါင်းဆောင်ရွက်မှုများနဲ့အတူ အာရှကိုမဏ္ဍိုင်ပြုလာတဲ့ ဤကမ္ဘာ့ဖွံ့ဖြိုးမှုကြီးမှာ မြန်မာနိုင်ငံက တစ်ထောင့်တစ်နေရာကနေ ပါဝင်ခွင့်ရအောင်နဲ့မြန်မာပြည်သူများရဲ့ လူမှုစီးပွားဘဝမြင့်မားတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးကြတဲ့ နိုင်ငံတော်အကြီးအကဲနဲ့တကွ အဆင့်မြင့်ကိုယ်စားလှယ်များအားလုံးကို ကျေးဇူးအနန္တတင်ရှိကြောင်း ထပ်လောင်းပြောကြားလိုက်ရပါတယ်။ ။

# နေ့သင်တန်းများ ဖွင့်လှစ်ကြောင်း ကြေညာခြင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန**
**ကြေညာချက်**
**နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိတက္ကသိုလ်နှင့်ဒီဂရီကောလိပ်များ၏ဘွဲ့ကြိုတန်းများနှင့်ဘွဲ့လွန်တန်းများကို ၁၄-၁၁-၂၀၂၄ ရက်မှစတင်၍ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ပိတ်ရက်မရှိ ကျောင်းအပ်လက်ခံပြီး ၂၁-၁၁-၂၀၂၄ ရက်မှစတင်၍ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန

# ၂၀၂၃ ခုနှစ်အတွင်းဆောင်ရွက်ခဲ့သော လူထုကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအား ဆန်းစစ်ဆွေးနွေးပွဲကျင်းပ



နေပြည်တော် နိုဝင်ဘာ ၁၂

နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်အသီးသီးတွင် ၂၀၂၃ ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပြန်လည်ဆန်းစစ်ရန်အတွက် ဗဟိုအဆင့် လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆန်းစစ်ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက သဘာဝဘေးအန္တရာယ် (အထူးသဖြင့် ရာဂိမုန်တိုင်း)ကြောင့် ရေကြီးရေလျှံဖြစ်ပွားသည့်ဒေသများတွင် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို ထိရောက်စွာအားသွန်ခွန်စိုက်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကဲ့သို့သောကူးစက်ရောဂါများမဖြစ်ပွားအောင် ကြိုးပမ်းနိုင်ခဲ့ကြောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးတက်အောင်မြင်လာသည်နှင့်အမျှ ဆေးရုံဆေးခန်းများတွင် ကုသပေးရမှုများ လျော့နည်းလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်းက ကျေးလက်ကျန်းမာရေးဌာနများ လုပ်ငန်းဆောင်ရွက်နိုင်မှုအခြေအနေကို ကြီးကြပ်ဆောင်ရွက်ရန်နှင့် ကျေးလက်နေပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုမြင့်တင်ဆောင်ရွက်ပေးရန် ပြောကြားသည်။

ယင်းနောက် ဆွေးနွေးပွဲဒုတိယပိုင်း အစီအစဉ်ကို ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင်ဆက်လက်ကျင်းပရာပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်းက သဘာပတိအဖြစ် ဆောင်ရွက်ပြီး တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများက ၂၀၂၃ ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင်အားသာချက်၊ အားနည်းချက်၊ တွေ့ကြုံရသည့်စိန်ခေါ်မှုများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းလျာထားမှုများကို ဆွေးနွေးကြသည်။

ဆန်းစစ်ဆွေးနွေးပွဲကို နိုဝင်ဘာလ ၁၄ ရက်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပြီး ဆွေးနွေးပွဲတတိယနေ့တွင် ၂၀၂၃ ခုနှစ်အတွင်း လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ထူးချွန်စွာဆောင်ရွက်နိုင်ခဲ့သည့် တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများကို ဂုဏ်ပြုဆုများ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ (၅၀၀)

# ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၌ ဝန်ထမ်းများမိတ်ဆုံစားပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၂

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများမိတ်ဆုံစားပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးနှင့် ဝန်ကြီးဌာနမှဝန်ထမ်းများတက်ရောက်ကြသည်။



မိတ်ဆုံစားပွဲတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများမိတ်ဆုံစားပွဲကို ဝန်ထမ်းများအားအသိအမှတ်ပြု၍ ဆောင်ရွက်ပေးခြင်းဖြစ်ပြီး ဝန်ထမ်းအချင်းချင်းစည်းလုံးညီညွတ်မှုရှိစေရန်နှင့်အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် လုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ကြောင်းပြောကြားသည်။

ထို့နောက်ဒုတိယဝန်ကြီးက လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရုံးလုပ်ငန်းများ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျလုပ်ကိုင်ဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ပြောကြားသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် ဝန်ထမ်းများနှင့်အတူ နေ့လယ်စာအတူတကွသုံးဆောင်ပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်းပြိုင်ပွဲတွင်ဝန်ကြီးဌာနကိုယ်စားပြုပါဝင်ယှဉ်ပြိုင်လွှတ်တင်ပူဇော်မည့် စိန်နားပန်မီးပုံး ပြင်ဆင်ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုပြီး စိန်နားပန်မီးပုံးပျံပြုလုပ်နေကြသည့် မီးပုံးပျံပညာရှင်နှင့်အဖွဲ့ဝင်များကို နှုတ်ဆက်အားပေးခဲ့ကြောင်း သိရသည်။ (၅၀၀)

# အဆစ်ရောင် အဆစ်ကိုက် လေးဖက်နာရောဂါရှိသူများနှင့် စားသုံးရန်မသင့်သော အစားအစာများ

### ခရမ်းချဉ်သီးနှင့် လေးဖက်နာ

လေးဖက်နာရောဂါရှိသူတစ်ဦးသည် အတော်အတန်သက်သာနေရာမှ ခရမ်းချဉ်သီးချက်စားပြီး ရောဂါပြန်ဖြစ်သူကိုတွေ့ဖူးသည်။ ခရမ်းချဉ်သီးချက်မှာ အညာသူ၊ အညာသားများအကြိုက်ဖြစ်သည်။ စားလိုက်လျှင် ခံတွင်းတွေ့ပြီး ထမင်းမြိန်သဖြင့် နှစ်သက်ကြသည်။ သို့သော် အဆစ်ရောင်လေးဖက်နာရှိသူများအတွက် မစားသင့်သော အစားအစာဖြစ်သည်။ တချို့သူများမှာ ခရမ်းချဉ်သီးပန်ထွေဖျော်နှင့်ခရမ်းချဉ်သီးဆော့ကြောင့် လေးဖက်နာရောဂါပြန်ဖြစ်သည်ကို တွေ့ရဖူးသည်။

ခရမ်းချဉ်သီးသည် ဗီတာမင်နှင့် အာဟာရရှုထောင့်မှာ အဖိုးတန်သောအစားအစာဖြစ်သော်လည်း တိုင်းရင်းဆေးပညာအယူအဆအရ ဝါယောဓာတ်ပျက်စေသောအစားအစာဖြစ်သည်။ ဝါယောဓာတ်ပျက်သည်ဆိုသည်မှာ ခန္ဓာကိုယ်အတွင်းငုပ်လျှိုးနေသော ဝါယောဓာတ်ကို နှိုးဆွပြီး တွန်းကန်စေသဖြင့် နဂိုနာဖူးသောအဆစ်အမျက်များ ပြန်နာလာခြင်းဖြစ်သည်။

စာရေးသူဆေးခန်းတွင် ယခုရက်ပိုင်းအတွင်းမှာပင် အသက် ၆၈ နှစ်အရွယ် အဘွားအိုတစ်ဦး ညာဘက်ခြေမျက်စိနှင့် ခြေခုံရောင်ပြီးတွဲလာသဖြင့် ချော်လဲသလားဟုမေးကြည့်သည်။ ခရမ်းချဉ်သီးချက်စားပြီး ရောင်လာကာ လေ့ကားအဆင်း၊ အတက်လုပ်သောအခါ ပို၍ရောင်လာသည်ဟုပြောသည်။

### ပဲပင်ပေါက်၊ ပဲတီချဉ်နှင့်လေးဖက်နာ

တချို့လေးဖက်နာရှိသူ၊ အဆစ်ရောင်ရောဂါရှိသူနှင့် ဂေါက်ရောဂါရှိသူများ မတည့်သောအစားအစာမှာ ပဲပင်ပေါက်နှင့် ပဲပင်ပေါက်အချဉ် (ပဲတီချဉ်)ဖြစ်သည်။

အလှူအတန်း၊ ထမင်းဝိုင်းများတွင် ပါလေ့ရှိသည်။ ငါးပိရည်တို့စရာများတွင်လည်း ပါဝင်လေ့ရှိသည်။ မုန့်တီသုပ်၊ မြီးရှည်၊ ဆီချက်ခေါက်ဆွဲဆိုင်များတွင်လည်း အချဉ်အဖြစ် ပဲပင်ပေါက်အချဉ်ကို ပေးလေ့ရှိသည်။

အနောက်တိုင်းအယူအဆမှာ အစေ့မှအညှောက်ပေါက်လာသော အစားအစာမှန်သမျှ ယူရစ်အက်စစ်ကို တက်စေသည်။ အဆစ်ရောင်ရောဂါနှင့် ဂေါက်ရောဂါတွင် ရှောင်ရမည့်အစာအဖြစ် ဆရာဝန်များက တားမြစ်လေ့ရှိသည်။

တိုင်းရင်းဆေးပညာတွင် ပဲပင်ပေါက်သည် လေပွစာဖြစ်သည်။ ပဲပင်ပေါက်အချဉ်(ပဲတီချဉ်)သည် လေပျက်စေသောအစာဖြစ်သည်။ အနောက်တိုင်းနည်းရော၊ တိုင်းရင်းနည်းတွင်ပါ မစားသင့်သောအစားအစာဖြစ်သည်။ သို့သော် တော်သင့်ရုံစားခြင်းဖြင့် ဘေးမဖြစ်နိုင်ပါ။ နေ့စဉ်မစားသုံးဘဲ တစ်ခါတစ်ရံစားသုံးနိုင်သည်။

ယခုခေတ် ပဲပင်ပေါက်အချဉ်တည်ရာတွင် သဘာဝအချဉ်မဟုတ်သော အက်စစ်အမှုန့်များအသုံးပြုပြီး မြန်မြန်ချဉ်အောင် လုပ်လေ့ရှိသည်။ ထိုအချဉ်များကြောင့် အစာအိမ်ရောင်ခြင်းနှင့် လေးဖက်နာခြင်းတို့ဖြစ်နိုင်ပါသည်။

### အသားစားခြင်းနှင့် အဆစ်ရောင်ရောဂါ

အဆစ်ရောင်ရောဂါအမျိုးမျိုးနှင့် အထူးသဖြင့် ဂေါက်ရောဂါရှိသူများ အသားများများမစားသင့်ပါ။ မီးခြစ်ဘူးခွံခန့်ရှိ အသားတုံး တစ်နေ့ နှစ်တုံးစားလျှင်ပင် ဂေါက်ရောဂါထကြွလာနိုင်သည်ဟု ဆရာဝန်များက ဆိုသည်။

တိုင်းရင်းဆေးအယူအဆမှာ အသားဓာတ်မှန်သမျှသည် ပထဝီ၊ အာပေါဓာတ်စာဖြစ်သဖြင့် အဆစ်အမျက်များကို မာကျောတောင့်တင်းစေသည်။ ဥပမာ-ဒူးဆစ်၊ ခြေချင်းဝတ်အဆစ်များတွင် အဆစ်ရောင်လျှင် အသားမစားသင့်ပါ။ ပထဝီဓာတ်ကြောင့် တောင့်တင်းခိုင်မာခြင်းဖြစ်နိုင်ပါသည်။ အဆီအသားတွဲနေသည့် အမဲသားတွင် ပထဝီဓာတ်အများဆုံးပါသည်။ အနောက်တိုင်းဆေးပညာတွင် အနီရောင်ရှိသော အသားများကို ရှောင်ကြဉ်ခိုင်းသည်။

ကြက်သားမှာ အဖြူရောင်ရှိသောအသားဖြစ်သဖြင့် အသင့်အတင့်စားသုံးနိုင်သည်။ သို့သော် ဆီနှင့်ကြော်ထားသော ကြက်ကြော်ကို စားသုံးရန်မသင့်ပါ။ ကြက်ကြော်တွင် အဆီစုနေသောကြောင့် ကြက်သားစွပ်ပြုတ်၊ ကြက်ပေါင်းရည်တို့ကို စားသုံးနိုင်သည်။

အနီရောင်ရှိသော အသားများမှာ အမဲသား၊ ဆိတ်သား၊ ချေသား၊ တောကောင်အသားများ စသည်ဖြင့် အသား၏အရောင်မှာ နီနေလျှင် စားရန်မသင့်ဟု မှတ်ယူရမည်ဖြစ်သည်။

> ''အဆစ်ရောင်ရောဂါအမျိုးမျိုးနှင့် အထူးသဖြင့် ဂေါက်ရောဂါရှိသူများ အသားများများ မစားသင့်ပါ။ မီးခြစ်ဘူးခွံခန့်ရှိ အသားတုံး တစ်နေ့ နှစ်တုံးစားလျှင်ပင် ဂေါက်ရောဂါ ထကြွလာနိုင်သည်ဟု ဆရာဝန်များက ဆိုသည်။
>
> တိုင်းရင်းဆေးအယူအဆမှာ အသားဓာတ်မှန်သမျှသည် ပထဝီ၊ အာပေါဓာတ်စာဖြစ်သဖြင့် အဆစ်အမျက်များကို မာကျောတောင့်တင်းစေသည်။ ဥပမာ-ဒူးဆစ်၊ ခြေချင်းဝတ်အဆစ်များတွင် အဆစ်ရောင်လျှင် အသားမစားသင့်ပါ။ ပထဝီဓာတ်ကြောင့် တောင့်တင်းခိုင်မာခြင်း ဖြစ်နိုင်ပါသည်။ အဆီအသားတွဲနေသည့် အမဲသားတွင် ပထဝီဓာတ်အများဆုံးပါသည်။ အနောက်တိုင်းဆေးပညာတွင် အနီရောင်ရှိသောအသားများကို ရှောင်ကြဉ်ခိုင်းသည်. . .''

### ဝမ်းတွင်းကလီစာနှင့် အဆစ်ရောင်ဂေါက်ရောဂါ

ဆရာဝန်များက ဝမ်းတွင်းကလီစာများကို ယူရစ်အက်စစ်တက်စေသော အစားအစာအဖြစ် အထူးပင်တားမြစ်ထားသည်။ အသားစားသူများမှာ အစားများမှဖြစ်လေ့ရှိသော်လည်း ဝမ်းတွင်းကလီစာများမှာ တစ်နပ်စားရုံဖြင့်ပင် အဆစ်ရောင်ရောဂါကို ထကြွစေနိုင်သည်။

ဝမ်းတွင်းကလီစာများသည် မသန့်ရှင်းသောအစားအစာများဖြစ်သည်။ အထူးသဖြင့် အသည်းတွင် မဖျက်ဆီးရသေးသော အဆိပ်အတောက်များရှိနေနိုင်သည်။ ထို့အတူ အူလမ်းကြောင်းတစ်လျှောက်တွင်လည်း သန်ကောင်၊ သန်ဥနှင့် တခြားပိုးမွှားများစွာ ခိုအောင်းနေနိုင်သည်။ တချို့သန်ဥများနှင့်သန်ကောင်အဆိပ်များမှာ နာရီဝက်ခန့်ချက်ပြုတ်လျှင် မသေ၊ မပျက်စီးနိုင်ပေ။

ဝမ်းတွင်းကလီစာ တစ်နပ်စားပြီး ခြေမအဆစ်ရောင်လာသူ၊ ခြေမျက်စိရောင်လာသူ၊ ဒူးဆစ်ရောင်လာသူ များစွာတွေ့ဖူးသည်။ တစ်နပ်စားမိရုံဖြင့် အရောင်ပြန်ကျစေရန် တစ်ပတ်ခန့်ကြာအောင် ကုသရလေ့ရှိသည်။ ဆေးအပူလိမ်းလျှင် ပို၍ရောင်လာတတ်ပါသည်။ ဝမ်းတွင်းကလီစာများသည် လုံးဝရှောင်ကြဉ်သင့်သောအစားအစာများဖြစ်သည်။

### ပင်လယ်စာနှင့် အဆစ်အမျက်ကိုက်ရောဂါ

လေးဖက်နာနှင့် အဆစ်အမျက်ရောင်ရောဂါ၊ ဂေါက်ရောဂါရှိသူများအတွက် ငါးများများစားပေးရန် ဆရာဝန်နှင့် အစာအာဟာရပညာရှင်များက အကြံပေးကြသည်။ သို့သော် ရေချိုငါးများကိုသာ စားသုံးရန်သင့်လျော်သည်။ ပင်လယ်စာငါးများဖြစ်သော ရေငန်ငါးများ၊ တူနာငါး၊ ငါးမန်း၊ ငါးလိပ်ကျောက် စသောပင်လယ်စာများသည် မတည့်သောအစားအစာများဖြစ်သည်။

ပင်လယ်မှဖမ်းလာသောငါးများသည် ကုန်းပေါ်သို့ ချက်ချင်းရောက်လာသည်မဟုတ်။ ရေခဲရိုက်၍ယူဆောင်လာပြီး ကြာမှရောက်ရှိလာသည်။ မီးဖိုချောင်သို့ရောက်သောအခါ လနှင့်ချီပြီးကြာနေပြီဖြစ်သည်။ ဂျပန်နိုင်ငံ၌ ရေခဲရိုက်ထားသောအစားအစာများကို အချိန်ခြောက်လကျော်လျှင် အဆိပ်အတောက်အစားအစာအဖြစ် သတ်မှတ်ကြောင်း ဖတ်ရှုဖူးသည်။

ယခင်က မြန်မာနိုင်ငံသို့ ဈေးပေါပေါဖြင့် ဝင်ရောက်လာသော ကြက်သားများသည် ရေခဲရိုက်ထားသည့်အချိန်ခြောက်လကျော်နေသဖြင့် ဂျပန်နိုင်ငံမှလက်မခံဘဲ ပယ်လိုက်သောအသားများကို မှောင်ခိုဈေးကွက်မှ တင်သွင်းလာခြင်းဖြစ်သည်ဟု သိရသည်။ ထိုကြက်သားများ ဈေးပေါပေါနှင့်ဝင်လာသဖြင့် ပြည်တွင်းကြက်သားရောင်းသူများ ဈေးကွက်ပျက်သွားပြီး အရှုံးပေါ်ကြသည်ဟု ဖတ်ရှုရသည်။

ရေခဲရိုက်ထားသောအစားအစာများသည် အထူးသတိထား စားသုံးရမည့် အစားအစာများဖြစ်သည်။ တစ်ခါတစ်ရံ ရေခဲရိုက်ထားသော ပုစွန်တုပ်များသည် တော်ရုံချက်ရုံဖြင့် အသားမနူးသည်ကို တွေ့ရသည်။ ထိုကဲ့သို့သော ပုစွန်တုပ်များကို မစားသင့်ပါ။ ပုစွန်ဆီသည်လည်း လေးဖက်နာနှင့်မတည့်သောအစားအစာဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ကြည်လွင်မြင့်(မုဒြာ)

---

# မီးခိုးမြူငွေ့လျှော့ချရေး သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် သစ်တောများ၏အခန်းကဏ္ဍဆိုင်ရာ အသိပညာပေးဟောပြော

ဟိုပုံး နိုဝင်ဘာ ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် မီးခိုးမြူငွေ့လျှော့ချရေး၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် သစ်တောများ၏ အခန်းကဏ္ဍဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာလ ၁၁ ရက်က ပေါင်လင်းကျေးရွာအုပ်စု စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း (ပေါင်လင်း)၌ ပြုလုပ်သည်။

ရှေးဦးစွာ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်လှိုင်ဆွေက ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်ဖြစ်စဉ်များအကြောင်းကိုလည်းကောင်း၊ ရာသီဥတုပြောင်းလဲမှုနှင့် သစ်တောများ၏ အခန်းကဏ္ဍဆိုင်ရာ အကြောင်းအရာများကိုလည်းကောင်း၊ မြို့နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယဉ်လွဲ့လွဲ့မွန်က မီးခိုးမြူငွေ့အန္တရာယ်၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် လျော့နည်းစေရေး အစီအစဉ်များကိုလည်းကောင်း အသိပညာပေးဟောပြောကြသည်။

ထို့နောက် တက်ရောက်လာသည့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း (ပေါင်လင်း) မှ ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးကြသည်။ ယင်းနောက် တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများအတွက် အာဟာရဖြည့်စွက်စာကျွေးမွေးနိုင်ရန် ပံ့ပိုးငွေများပေးအပ်လှူဒါန်းရာ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း (ပေါင်လင်း) ကျောင်းအုပ်ဆရာမကြီး ဒေါ်မို့မို့လွင်က လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

ချမ်းမြေ့



## သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် ကျောင်းအပ်လက်ခံမည့်ရက် (သတင်းပို့ရမည့်ရက်)နှင့် ကျောင်းစတင်ဖွင့်လှစ်မည့်ရက်များ ထုတ်ပြန်ကြေညာ

သန်လျင် နိုဝင်ဘာ ၁၂

သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် ပထမနှစ်ဝက် သင်တန်းများ၏ ကျောင်းအပ်လက်ခံခြင်းနှင့် တတိယနှစ်၊ စတုတ္ထနှစ်နှင့် ဘွဲ့လွန်တန်း ဒုတိယနှစ်ဝက်သင်တန်းများ၏ သတင်းပို့လက်ခံခြင်းကို ၁၄-၁၁-၂၀၂၄ ရက်(ကြာသပတေးနေ့)မှစ၍ ပိတ်ရက်မရှိ လက်ခံဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် သင်တန်းနှစ်အားလုံးကို ၂၁-၁၁-၂၀၂၄ ရက်(ကြာသပတေးနေ့)တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့်မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်/မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့် အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များအား ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါ ယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## စစ်ကိုင်းမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သောပဲတီစိမ်းသီးနှံ ၃၀၅၅၁ ဧက ရိတ်သိမ်းပြီးစီး



စစ်ကိုင်း နိုဝင်ဘာ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သော ပဲတီစိမ်းသီးနှံ ၃၀၅၅၁ ဧကရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် စစ်ကိုင်းမြို့နယ်၌ ပဲတီစိမ်းသီးနှံ ၄၅၁၃၇ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ်သြဂုတ်လမှ စတင်၍ရိတ်သိမ်းခဲ့ကြရာ ယနေ့အထိပဲတီစိမ်းသီးနှံ ၃၀၅၅၁ ဧက ရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်းသိရသည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးချိန် စစ်ကိုင်းမြို့နယ်မှာ ပဲတီစိမ်းသီးနှံ ၄၅၁၃၇ ဧက အထိစိုက်ပျိုးနိုင်ခဲ့တာပါ။ အဲဒီစိုက်ခင်းတွေကို ယခုလက်ရှိအချိန်မှာတော့ ရိတ်သိမ်းနေပြီဖြစ်ပါတယ်။ ဒီနေ့အထိ ၃၀၅၅၁ ဧက ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ ဆက်လက်၍ရိတ်သိမ်းလျက်ရှိပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေရှိမယ်၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ပညာပေးတာတွေရှိတယ်" ဟု စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးကိုဇော်ဦးကပြောသည်။

ယခုနှစ်မိုးသီးနှံစိုက်ပျိုးချိန် ပဲမျိုးစုံသီးနှံစိုက်ပျိုးရာ ပဲသီးနှံအထွက်နှုန်းနှင့်အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်းစသည်များကို တောင်သူများနှင့်ပူးပေါင်းပြီးဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

(၄၀၉)

## Exit Strategy လုပ်ငန်းစဉ်များ မိတ်ဆက်ရှင်းလင်း

ပြည် နိုဝင်ဘာ ၁၂

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကုန်းကြီးကျေးရွာနှင့်ပိန်းတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ စတင်အကောင်အထည်ဖော်ဆောင်ရွက်မည့် Exit Strategy လုပ်ငန်းစဉ်များမိတ်ဆက်ရှင်းလင်းခြင်းကို နိုဝင်ဘာလ ၁၂ ရက်နံနက်ပိုင်းတွင် ကုန်းကြီးကျေးရွာ၌ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဒေါ်စုနွယ်ဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းတွင် Exit Strategy လုပ်ငန်းများထည့်သွင်းအကောင်အထည်ဖော် ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးငွေဇော်က Exit Strategy လုပ်ငန်းများဆောင်ရွက်ရာတွင် ကျေးရွာမှပူးပေါင်းဆောင်ရွက်ပေးရမည့် လုပ်ငန်းစဉ်များ၊ ထမ်းဆောင်ရမည့် တာဝန်များကိုရှင်းလင်းပြောကြားသည်။

ပြည်မြို့နယ်ကုန်းကြီးကျေးရွာနှင့်ပိန်းတောကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင်စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါကျေးရွာနှစ်ရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေများကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်တွင် အရင်းပြန်လည်ပေးဆပ်ပြီး Exit Strategy လုပ်ငန်းစဉ်များကိုစတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

ကိုညို(ကျေးလက်)

## ပျော်ရွှင်ဆင်နွှဲ တပ်မတော်သားတို့ ကထိန်ပွဲ

○ စေတနာ သဒ္ဓါတရား
မြတ်စိတ်ထား ထက်သန်စွာ။
တစ်နှစ်မှာ သည်တစ်လ
ကြည်မြသာယာ။
ကထိန်ပွဲ အလှူမင်္ဂလာ
သူ့ထက်ငါ ပြိုင်ဆိုင်ကြ။
ကျောင်းမှာသိမ်
ကထိန်မှာသင်္ကန်း
လှူဒါန်းမြတ်လှ။

○ ကြည်း ရေ လေ တပ်မတော်သား
အလှူများ မွန်မြတ်ပြီ။
ဘာသာသာသနာ အလေးထား
လေးစားယုံကြည်။
စည်ပြောသံက ညံစီစီ
တူစုံညီ ပါဝင်နွှဲ။
ဘုံကထိန် ဂုဏ်ရှိန်တောက်တယ်
ဝမ်းမြောက်သည့်ပွဲ။

○ ထီးဖိနပ် ယပ်သင်္ကန်း
လှူဒါန်းမှု မျိုးစုံလင်။
အသုံးအဆောင် လှူဒါန်းမှု
ကုသိုလ်ပါဝင်။
ယုံကြည်မှု စိတ်အစဉ်
ကောင်းမှုတွင် လွန်မြတ်နိုး။
ကြည်း ရေ လေ တပ်မတော်သားတို့
များလှကောင်းကျိုး။

○ လှူကထိန် မြတ်သင်္ကန်းနှင့်
မင်္ဂလမ်းတင့် ဆုပန်ယူ။
စေတနာမှန် ကံတရားက
ထူးခြားအလှူ။
ဘုံကထိန်ပွဲကြီး အောင်လံထူ
များဗိုလ်လူ ပါဝင်ပေး။
ကြည်နူးကာ စိတ်ရွှင်လန်းလို့
ဝမ်းမြောက်တယ်လေး။ ။

ဘုန်းမောင်ဝင်း(ဖျာပုံ)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ တရုတ်နိုင်ငံခရီးစဉ်တွင် နိုင်ငံတော်အတွက် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်အောင်ကြိုးပမ်းဆောင်ရွက်ခဲ့မှုအပေါ် အဖွဲ့အစည်းများမှ ဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် နိုဝင်ဘာ ၁၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်မှ ၁၀ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ပြီး (၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို- မြန်မာ- ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးများ၌ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ပညာရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ခြင်း၊ ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နိုင်ခဲ့ခြင်းတို့အပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားဘုရင့်နိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ဝန်ကြီးချုပ်များနှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံအတွက် အပြုသဘောဆောင်သောကောင်းမွန်သည့် ရလဒ်များရအောင် ဆွေးနွေးနိုင်ခဲ့သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ မြန်မာနိုင်ငံကဏ္ဍစုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့မှုအပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့်နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)၊ မြန်မာ-အိန္ဒိယအပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာ-အိန္ဒိယချစ်ကြည်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအသင်းတို့မှ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း သဘောထားထုတ်ပြန်ကြေညာခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာ အဖွဲ့ချုပ်နှင့်နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)၏ဝမ်းမြောက်ဂုဏ်ယူကြောင်း သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ၊ ၁၂ ရက်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နိုဝင်ဘာလ (၅ ရက်မှ ၁၀ ရက်အထိ)သွားရောက်ပြီး၊ (၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ်ပူးပေါင်းဆောင်ရွက်မှုထိပ်သီးအစည်းအဝေးများ၌ မြန်မာနိုင်ငံဘက်စုံဖွံ့ဖြိုးတိုးတက်အောင်ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ခြင်း၊ ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ၏အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူနိုင်ခဲ့ခြင်းတို့အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)အနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့်
နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)

Myanmar - India International Business Federation
မြန်မာ – အိန္ဒိယအပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်
Address : Penthouse Level, Shine Office Tower
No.(20/22), Alan Pya Pagoda Road, Mingalar Taung Nyunt Township, Yangon, Myanmar.

## မြန်မာ-အိန္ဒိယအပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များ အသင်းချုပ်က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်းကြေညာချက်

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ( ၁၂ )ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင်ကျင်းပသည့် အဋ္ဌမအကြိမ်မြောက်မဟာမဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ်ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးများသို့တက်ရောက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံနှင့် ပြည်သူများအတွက် အထူးကောင်းမွန်သည့် အကျိုးကျေးဇူးရလဒ်များအားရယူနိုင်ခဲ့ခြင်း၊ ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ၏အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူခြင်းတို့အတွက် မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာစီးပွားရေး လုပ်ငန်းရှင်များအသင်းချုပ်မှ အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာ-အိန္ဒိယအပြည်ပြည်ဆိုင်ရာ
စီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်

Myanmar india Friendship and Development Association
မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်း
Address : Penthouse Level, Shine Office Tower
No.(20/22), Alan Pya Pagoda Road, Mingalar Taung Nyunt Township, Yangon, Myanmar.
09 965045645, 09 5045645 E-mail: aungprabu@gmail.com

## မြန်မာ-အိန္ဒိယချစ်ကြည်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအသင်းက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်းကြေညာချက်

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၁၂)ရက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင်ကျင်းပပြုလုပ်ခဲ့သည့် (၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးနှင့်(၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှုထိပ်သီးအစည်းအဝေးများသို့ အောင်မြင်စွာတက်ရောက်နိုင်ခဲ့သည့်အပြင် အာဆီယံနိုင်ငံများမှ ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေးခဲ့ပြီး မြန်မာ-တရုတ် နှစ်နိုင်ငံပြည်သူများအတွက် အထူးကောင်းမွန်သည့်အကျိုးကျေးဇူးရလဒ်များအားရယူနိုင်ခဲ့သည့်အပြင် အိမ်နီးချင်းနိုင်ငံများအတွက်ပါ အခွင့်အလမ်းကောင်းများဖော်ဆောင်နိုင်ခဲ့မှုအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မိမိတို့ မြန်မာ-အိန္ဒိယချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်းက အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်အပ်ပါသည်။

မြန်မာ-အိန္ဒိယချစ်ကြည်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအသင်း

# မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးသံအမတ်ကြီးအား ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၂

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဘရာဇီး ဖက်ဒရယ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဂူစထာဗို ရော်ချာ ဒီမင်နင်းဇီးစ်ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် မြန်မာ-ဘရာဇီး နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ဆင်းရဲမွဲတေမှုနှင့်ငတ်မွတ်မှုတိုက်ဖျက်ရေး မဟာမိတ်အဖွဲ့ဆိုင်ရာကိစ္စရပ်များ၊ မြန်မာ-ဘရာဇီး နှစ်နိုင်ငံအကြား စတုတ္ထအကြိမ်မြောက် နိုင်ငံရေးရာဆွေးနွေးပွဲကျင်းပနိုင်ရေးနှင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာ-ဘရာဇီးနှစ်နိုင်ငံပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့အပါအဝင် နှစ်နိုင်ငံအပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် အလားအလာရှိသော ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သိရသည်။ (သတင်းစဉ်)

### အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်း သံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့်CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီ ထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့်အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ယနေ့ကျင်းပပြုလုပ်သော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ၂၀၂၄ ခုနှစ် မိသားစုမဟာဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနားတွင် ရုံး၊ ဌာနအသီးသီးမှ ပဒေသာပင်စုစုပေါင်းအပင် ၉၀၊ ပစ္စည်းတန်ဖိုးငွေကျပ် ၁၃၆၂၉၃၃၉၅ နှင့် ငွေသားတန်ဖိုးငွေကျပ် ၁၀၆၉၈၅၀၁၀ ဖြစ်သဖြင့် စုစုပေါင်းတန်ဖိုးငွေကျပ် ၂၄၃၂၇၈၄၀၅ ကိုလှူဒါန်းခဲ့




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီးဒေါ်ကြူကြူလှနှင့် ဧည့်ပရိသတ်များကဘုန်းတော်ကြီးကျောင်းအသီးသီးသို့လှူဒါန်းရန်ခင်းကျင်းပြင်ဆင်ထားသည့်ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့်ပဒေသာပင်များအားလှည့်လည်ကြည့်ရှုစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က မဟာဘုံကထိန်အလှူတော်မင်္ဂလာအခမ်းအနားအောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး၊ ငွေမိုးများရွာသွန်းဖြိုးစဉ်။



ဘုန်းတော်ကြီးကျောင်းအသီးသီးသို့ လှူဒါန်းရန်ခင်းကျင်းပြင်ဆင်ထားသည့် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့်ပဒေသာပင်များကိုတွေ့ရစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၄ ခုနှစ် မိသားစုမဟာဘုံကထိန်အလှူတော်အဖြစ်လှူဒါန်းထားသည့် ပဒေသာပင်များအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ အနော်ရထာခန်းမမှ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ မော်တော်ယာဉ်များဖြင့်လှည့်လည်စဉ်။

✯ **စာမျက်နှာ ၁၇ မှအဆက်**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ် ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ကောင်စီဝင် ညွှန့်နိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့် ဇနီးတို့က ရေဆင်းကံဦးကျောင်းဆရာတော် ထံ လှူဖွယ်ပစ္စည်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းပြီး **စာမျက်နှာ ၁၂ သို့** ✯



ဆရာတော်ထံ တာဝန်ရှိသူတစ်ဦးက ပဒေသာပင်ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ တာဝန်ရှိသူတစ်ဦးက ပဒေသာပင် ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ တာဝန်ရှိသူများက ပဒေသာပင်ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ တာဝန်ရှိသူတစ်ဦးက ပဒေသာပင် ဆက်ကပ်လှူဒါန်းစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၄ ခုနှစ် မိသားစုမဟာဘုံကထိန် အလှူတော်အဖြစ်လှူဒါန်းထားသည့် ပဒေသာပင်များအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ အနော်ရထာခန်းမမှ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ မော်တော်ယာဉ်များဖြင့်လှည့်လည်စဉ်။

☆ **စာမျက်နှာ ၁၁ မှအဆက်**

တက်ရောက်လာကြသည့် အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများက ဆရာတော်၊ သံဃာတော်များထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရေဆင်းကံဦးကျောင်းတိုက်မှ ဆရာတော်နှစ်ပါးတို့က ကထိန်အမေးအဖြေများကို ဆောင်ရွက်တော်မူကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ် ဆရာတော်ကြီးထံမှ ကထိန်အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်းအမျှပေးဝေကြသည်။

ထို့နောက်အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ရုပ်သိမ်းပြီး မဟာဘုံကထိန်အလှူတော်မင်္ဂလာအခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကြသည်။ အခမ်းအနားအပြီးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးအမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နှင့်ဇနီး၊ ဧည့်ပရိသတ်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၄ ခုနှစ် မိသားစုမဟာဘုံကထိန်အလှူတော်အဖြစ်လှူဒါန်းထားသည့် ပဒေသာပင်များအား နိုဝင်ဘာလ ၁၀ ရက်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ အနော်ရထာခန်းမမှ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ မော်တော်ယာဉ်များဖြင့်လှည့်လည်ခဲ့သည်။

ယနေ့ကျင်းပပြုလုပ်သော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၄ ခုနှစ်မိသားစုမဟာဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနားတွင် ရုံး၊ ဌာန အသီးသီးမှပဒေသာပင်စုစုပေါင်းအပင် ၉၀၊ ပစ္စည်းတန်ဖိုးငွေကျပ် ၁၃၆၂၉၃၃၉၅ နှင့် ငွေသားတန်ဖိုးငွေကျပ် ၁၀၆၉၈၅၀၁၀ ဖြစ်သဖြင့် စုစုပေါင်းတန်ဖိုးငွေကျပ် ၂၄၃၂၇၈၄၀၅ ကိုလှူဒါန်းခဲ့ကြပြီး သက်ဆိုင်ရာဘုန်းတော်ကြီးကျောင်းအသီးသီးသို့ ရုံး၊ ဌာနများအလိုက် မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# ခိုလမ်မြို့၊ သီရိမင်္ဂလာကျောင်းတိုက်၌ ဗုဒ္ဓကောလိပ်(၅)ထပ်ကျောင်းဆောင်သစ် တည်ဆောက်ရန်အတွက် အလှူငွေများပေးအပ်



ဆရာတော်ထံ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ဗုဒ္ဓကောလိပ်(၅)ထပ်ကျောင်းဆောင်သစ်တည်ဆောက်ရန် အလှူငွေများ ဆက်ကပ်လှူဒါန်းစဉ်။

နေပြည်တော် နိုဝင်ဘာ ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ခိုလမ်မြို့ရှိ သီရိမင်္ဂလာကျောင်းတိုက်၌ တည်ဆောက်မည့် ဗုဒ္ဓကောလိပ်(၅)ထပ်ကျောင်းဆောင်သစ် အလှူငွေလှူဒါန်းခြင်းနှင့် ခိုလမ်မြို့အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆန်၊ ဆီ၊ ကုလားပဲ၊ ကြက်ဥများ လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ခိုလမ်မြို့ရှိ သီရိမင်္ဂလာကျောင်းတိုက်၌ပြုလုပ်ရာ ခိုလမ်မြို့၊ သီရိမင်္ဂလာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာသီရိ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သီရိမင်္ဂလာကျောင်းတိုက် ဆရာတော်ထံမှ သီလဓမ္မတရားတော်များ ခံယူဆောက်တည်ကြပြီး တိုင်းမှူးက သီရိမင်္ဂလာကျောင်းတိုက်၌ ဗုဒ္ဓကောလိပ်(၅)ထပ်ကျောင်းဆောင်သစ်တည်ဆောက်ရန်အတွက် အလှူငွေကျပ်သိန်း ၁၀၀ နှင့် ခိုလမ်မြို့ရှိ ဘုန်းတော်ကြီးကျောင်းများအတွက် ဆန်၊ ဆီ၊ ကုလားပဲ၊ ကြက်ဥများအား ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြသည်။

အဆိုပါ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ခိုလမ်မြို့ရှိ သီရိမင်္ဂလာကျောင်းတိုက်တွင် စာသင်သားသံဃာတော် ၁၁၅ ပါးသည် ဗုဒ္ဓစာပေများအား သင်ကြားပေးလျက်ရှိပြီး ဗုဒ္ဓကောလိပ်ဖွင့်လှစ်နိုင်ရန်အတွက် (၅)ထပ်ကျောင်းဆောင်သစ်အား တည်ဆောက်နိုင်ရန်လှူဒါန်းခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ကြေညာချက်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ အစိုးရနည်းပညာကောလိပ်များ၏ B.Tech ဘွဲ့သင်တန်းများအားလုံးကို ၂၁-၁၁-၂၀၂၄ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။ ကျောင်းအပ်လက်ခံခြင်းကို ၁၄-၁၁-၂၀၂၄ ရက်မှစတင်၍ လက်ခံဆောင်ရွက်မည်ဖြစ်ပါသည်။

နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ (၆၃)ကြိမ်မြောက် မိသားစုမဟာဘုံကထိန်အလှူတော်မင်္ဂလာကျင်းပ



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ (၆၃)ကြိမ်မြောက် မိသားစုမဟာဘုံကထိန် အလှူတော်မင်္ဂလာကျင်းပစဉ်။

နေပြည်တော် နိုဝင်ဘာ ၁၂

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ (၆၃) ကြိမ်မြောက် မိသားစုမဟာဘုံကထိန် အလှူတော်မင်္ဂလာကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ၌ ပြုလုပ်ရာ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ သိမ်တောင်ပရိယတ္တိစာသင်တိုက်ပဓာနနာယက ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တတေဇဝန္တအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက စွန်းလွန်းဂူကမ္မဋ္ဌာန်းကျောင်းဆရာတော် ဘဒ္ဒန္တအဂ္ဂမ္မောဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များက သံဃာတော်များထံ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး သိမ်တောင်ပရိယတ္တိစာသင်တိုက် ပဓာနနာယက ပြည်နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ထံမှ လှူဒါန်းမှုအစုစုတို့အတွက်ရေစက်သွန်းချအမျှပေးဝေကြပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ (၆၃) ကြိမ်မြောက်မိသားစုမဟာဘုံကထိန်အလှူတော်မင်္ဂလာတွင် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေ စုစုပေါင်းငွေကျပ် ၂၀၃ သိန်းကျော် တန်ဖိုးရှိ ပဒေသာပင် ၉ ခုကို ဆက်ကပ်လှူဒါန်းနိုင်ခဲ့ပြီး အဆိုပါပဒေသာပင်များကို သက်ဆိုင်ရာ ဘုန်းတော်ကြီးကျောင်းများသို့ ပို့ဆောင်ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) ရုံးချုပ်မှ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူး Mr. Edward Chaker Chaiban ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း လက်ခံတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၁၂

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) ရုံးချုပ်မှ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူး Mr. Edward Chaker Chaiban ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဝန်ကြီးဌာနနှင့် UNICEF အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်နေသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ တိုးချဲ့ကာကွယ်ဆေးထိုး လုပ်ငန်းများနှင့် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များ၊ လက်ရှိ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေး (Oral Cholera Vaccine–OCV) တိုက်ကျွေးရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ UNICEF ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သိရသည်။ (သတင်းစဉ်)

# မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင် ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများအား ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။

နေပြည်တော် နိုဝင်ဘာ ၁၂

မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့မွန်းလွဲပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်နှင့်အဖွဲ့ဝင်များက သွားရောက်၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှုအခြေအနေများ၊ ဆေးဝါးကုသပေးထားမှုအခြေအနေများနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများအား ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၂-၁၁-၂၀၂၄

| | | | |
|---|---|---|---|
| ပင်လောင်း | ၀ | ဒသမ ၅၁ | လက်မ |
| နမ့်စန် | ၀ | ဒသမ ၃၉ | လက်မ |
| (ရှမ်းပြည်နယ်တောင်ပိုင်း) | | | |
| ပျဉ်းမနား | ၀ | ဒသမ ၃၅ | လက်မ |
| (ဝဲကြီး) | | | |
| ဟဲဟိုး | ၀ | ဒသမ ၁၆ | လက်မ |

# နိုဝင်ဘာလ ၂၁ ရက်တွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ ပညာသင်နှစ်အသစ်စတင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ကြရန်မှာကြား



နေပြည်တော် နိုဝင်ဘာ ၁၂

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာညွန့်ဖေသည် တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ပညာရေးမှူးများ၊ ပါမောက္ခ (ဌာနမှူး)များနှင့် နိုဝင်ဘာလ ၂၁ ရက်တွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ ပညာသင်နှစ်အသစ် စတင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ကြရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာနရှိ အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်နှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး သက်ဆိုင်ရာတက္ကသိုလ် ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပညာရေးမှူးများ၊ ပါမောက္ခ(ဌာနမှူး)များနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်၊ ဒီဂရီကောလိပ်ကျောင်းများ၏ ပညာသင်နှစ်အတွက် နိုဝင်ဘာလ ၁၄ ရက်တွင် ကျောင်းအပ်စတင်လက်ခံပေးသွားမည်ဖြစ်ကြောင်း၊ ကျောင်းသားသစ်၊ ကျောင်းသားဟောင်းများ ကျောင်းအပ်ရာ၌ အခက်အခဲမရှိအောင် အားလုံးကဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ကျောင်းအပ်လက်ခံရာတွင် ပိတ်ရက်မရှိ လက်ခံပေးသွားမည်ဖြစ်ပြီး နိုဝင်ဘာလ ၂၁ ရက်တွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်ကျောင်းများ စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ တက္ကသိုလ်များတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရွေးကောက်ပွဲနှင့် ပတ်သက် သော ဥပဒေဘာသာရပ်များကို တစ်လလျှင် အနည်းဆုံးနှစ်ကြိမ်သင်ကြားပေးကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးဒေါက်တာဇော်မြင့်က တက္ကသိုလ်များ၏ပညာသင်နှစ်မတိုင်မီနှင့် ပညာသင်နှစ်အစတွင် ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ သင်ရိုးညွှန်းတမ်းအရည်အသွေးနှင့် သင်ကြားရေးဆိုင်ရာ အရည်အသွေးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားပြီး ဒုတိယဝန်ကြီးဒေါက်တာမိုးဇော်ထွန်းက ပုဂ္ဂလိကကျောင်းများ အရည်အသွေးတိုးတက်ကောင်းမွန်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်း၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်တို့က ဦးစီးဌာနလုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ကြောင်းသိရသည်။

(မဝ)

## ပြည်ထောင်စုလယ်သမားအလုပ်သမားအင်အားစုပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၆ / ၂၀၂၄ )**
၁၃၈၆ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်
( ၂၀၂၄ ခုနှစ် ၊ နိုဝင်ဘာလ ၁၂ ရက် )

**ပြည်ထောင်စုလယ်သမားအလုပ်သမားအင်အားစုပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ပဲခူးတိုင်းဒေသကြီး၊ လိပ်ပြာကန်ရပ်ကွက်၊ မော်ကန်(၁)လမ်း၊ လန်းဆန်းအိမ်ရာ၊ အမှတ် (A/၄၀၆) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ပြည်ထောင်စုလယ်သမားအလုပ်သမားအင်အားစုပါတီ** ကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ပြည်ထောင်စုလယ်သမားအလုပ်သမားအင်အားစုပါတီ** ၏ မှတ်ပုံတင်အမှတ်မှာ (၅၃) ဖြစ်ပါသည်။

( ပုံ ) ကိုကို
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၃°C | / | ၃၂°C |
| ရန်ကုန် | ၂၂°C | / | ၃၄°C |
| မန္တလေး | ၂၄°C | / | ၃၂°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# နိုင်ငံပိုင်ကဏ္ဍအတွက် နိုင်ငံတကာစာရင်းစံများဒီပလိုမာသင်တန်း အမှတ်စဉ်(၁) အပိုင်း(၃)သင်တန်းဆင်းပွဲကျင်းပ



နေပြည်တော် နိုဝင်ဘာ ၁၂

မြန်မာနိုင်ငံစာရင်းကောင်စီမှကြီးမှူး၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အဆင့်မြင့် စာရင်းကိုင်နှင့်စာရင်းစစ်သင်တန်းကျောင်း နေပြည်တော်၌ ဖွင့်လှစ်သည့် နိုင်ငံပိုင်ကဏ္ဍအတွက် နိုင်ငံတကာစာရင်းစံများဒီပလိုမာသင်တန်း အမှတ်စဉ် (၁)၊ အပိုင်း(၃) (Diploma in IPSAS၊ Batch–I၊ Level–III) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးက နိုင်ငံပိုင်ကဏ္ဍစာရင်းထားနည်းစနစ်ကောင်းမွန်မှုသည် ခိုင်မာအားကောင်းသည့် ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်တစ်ရပ်ဖြစ်ပေါ်စေရေးတွင် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်ကြောင်း၊ အစိုးရဌာန၊ အဖွဲ့အစည်းများတွင် နိုင်ငံပိုင်ကဏ္ဍအတွက် နိုင်ငံတကာစာရင်းစံများကို သိရှိနားလည်သည့် လူ့အရင်းအမြစ်များ လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ အဆိုပါသင်တန်းသို့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ သင်တန်းသား ၁၅ ဦး၊ ဝန်ကြီးဌာနများမှ သင်တန်းသား ၃၆ ဦး စုစုပေါင်းသင်တန်းသား ၅၁ ဦးတက်ရောက်ပြီးမြောက်ခဲ့ပြီး အပိုင်း (၃) အထိ အောင်မြင်ပြီးမြောက်သူများကို ဒီပလိုမာဘွဲ့ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်းသိရသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ ဒုတိယစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ (၁) ဒေါ်နိုင်သက်ဦးနှင့် တာဝန်ရှိသူများ၊ သင်တန်းကထိကနှင့် သင်တန်းသားများ တက်ရောက်ကြပြီး မြန်မာနိုင်ငံစာရင်းကောင်စီဒုတိယဥက္ကဋ္ဌ (၂) ဦးဝမ်းတင်နှင့် ကောင်စီဝင်များ၊ မြန်မာနိုင်ငံစာရင်းကောင်စီရုံးမှ တာဝန်ရှိသူများက Online ဖြင့် တက်ရောက်ကြသည်။

(မဝ)

# ကြက်ခြေနီအသိပညာပြန့်ပွားရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၂

မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီနှင့် ဧရာဝတီတိုင်းဒေသကြီးကြက်ခြေနီကြီးကြပ်မှုကော်မတီတို့ ပူးပေါင်းကျင်းပသော ဧရာဝတီတိုင်းဒေသကြီးအတွက် ကြက်ခြေနီအသိပညာပြန့်ပွားရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကို ယမန်နေ့က ရန်ကုန်မြို့ရှိ Summit Parkview Hotel ၌ ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွန့် တက်ရောက်အမှာစကားပြောကြားခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကြည်အောင်နှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီမှ Cooper–ation Coordinator Ms. Bonny Foo တို့က နှုတ်ခွန်းဆက်စကားပြောကြားခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာလ ၁၁ ရက်မှ ၁၃ ရက်အထိ ပြုလုပ်မည်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီလှုပ်ရှားမှု၊ အခြေခံမူများ၊ အကောင်းဆုံး လှုပ်ရှားမှုစံနမူနာများနှင့် သက်ဆိုင်သည့်ဗဟုသုတများကို နားလည်လက်ခံလေးစားလိုက်နာစေရန်သာမက ပြန်လည် ဆင့်ပွားပေးနိုင်ရန်နှင့် လုပ်ငန်းများတွင် ပိုမိုတက်ကြွစွာနှင့် ထိရောက်စွာ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ထို့အတူ ကြက်ခြေနီလှုပ်ရှားမှု၏ လူမှုကရုဏာလုပ်ငန်းများကို အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်သဘောပေါက်စေရန်နှင့် ကြက်ခြေနီလှုပ်ရှားမှုများတွင် ပိုမိုပါဝင်ဆောင်ရွက်လာစေရန်၊ ပြည်တွင်း/ ပြည်ပရှိ ဘေးအန္တရာယ် ကျရောက်လွယ်သူများအတွက် လူမှုကရုဏာအကူအညီပေးနိုင်သည့် စွမ်းဆောင်ရည်ပြည့်ဝသော အမျိုးသားကြက်ခြေနီအသင်း ဖြစ်လာစေရန်လည်း ရည်ရွယ်ကြောင်းသိရသည်။

(သတင်းစဉ်)

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

## အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) ရုံးချုပ်မှ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူး Mr. Edward Chaker Chaiban ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လက်ခံတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၁၂

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(UNICEF)ရုံးချုပ်မှ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူး Mr. Edward Chaker Chaiban ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ်မြန်မာနိုင်ငံအစိုးရနှင့် UNICEF တို့အကြား လက်ရှိပူးပေါင်းဆောင်ရွက်လျက်ရှိသည့်ကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၌ UNICEF ၏ရှေ့ဆက်ဆောင်ရွက်မည့်ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ UNICEF ၏ အရှေ့အာရှနှင့် ပစိဖိတ်ဒေသခွဲရုံးမှ ဒေသဆိုင်ရာညွှန်ကြားရေးမှူးနှင့် UNICEF ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်တို့တက်ရောက်ကြကြောင်း သိရသည်။ (သတင်းစဉ်)

## (၃၂)ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့တပ်မတော်သေနတ်ပစ်အသင်း ဖိလစ်ပိုင်နိုင်ငံသို့ထွက်ခွာ

နေပြည်တော် နိုဝင်ဘာ ၁၂

ဖိလစ်ပိုင်နိုင်ငံတွင်ကျင်းပမည့် (၃၂)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့တပ်မတော်သေနတ်ပစ်အသင်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ ဖိလစ်ပိုင်နိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာ့တပ်မတော်သေနတ်ပစ်အသင်းတွင်အသင်းခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီး သိန်းစိုးထွန်း ဦးဆောင်၍ အုပ်ချုပ်သူ၊ နည်းပြများနှင့် သေနတ်ပစ်အားကစားသမား စုစုပေါင်း ၄၂ ဦးတို့ လိုက်ပါသွားကြသည်။

(၃၂)ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲကို နိုဝင်ဘာလ ၁၂ ရက် မှ ၂၃ ရက်ထိ အာဆီယံနိုင်ငံ(၁၀)နိုင်ငံမှ သေနတ်ပစ်အသင်းများဖြင့် ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲတွင် မြန်မာ့တပ်မတော်မှ ရိုင်ဖယ်အသင်း၊ ကာဘိုင်အသင်း၊ စက်သေနတ်အသင်း၊ ပစ္စတိုအမျိုးသားအသင်းနှင့် ပစ္စတိုအမျိုးသမီးအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)



**စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများက ဖိလစ်ပိုင်နိုင်ငံသို့ထွက်ခွာမည့် မြန်မာ့တပ်မတော်သေနတ်ပစ်အသင်းအားပို့ဆောင်နှုတ်ဆက်စဉ်။**

### အပူပိုင်းမုန်တိုင်း"တိုရဂျီ"အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်

နေပြည်တော် နိုဝင်ဘာ ၁၂

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း "တိုရဂျီ"(TORAJI) သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)

### ညအပူချိန်များအနည်းငယ်လျော့နည်းနိုင်

နေပြည်တော် နိုဝင်ဘာ ၁၂

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့်ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။ (မိုး/ဇလ)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အနော်ရထာခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်နှင့် ပန်း၊ သောက်တော်ရေချမ်း၊ ဆီမီး၊ သစ်သီးတို့ကို ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်သံဃမဟာနာယက အဖွဲ့အကျိုးတော်ဆောင် မန္တလေးမြို့မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နှင့်ဇနီး ဒေါ်သန်းသန်းနွယ် တို့က ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

★ ရှေ့ဖုံးမှအဆက်

မစိုးရိမ်တိုက်သစ် မဟာနာယက၊ ဓမ္မသမိဒ္ဓိ ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသနှင့် ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ အမှူးပြုသည့် ပင့်ဖိတ်ထားသော ဆရာတော်ကြီး ၂၇ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ဇနီးတို့နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့် ဧည့်ပရိသတ်များသည် ဘုန်းတော်ကြီးကျောင်းအသီးသီးသို့ လှူဒါန်းရန်ခင်းကျင်းပြင်ဆင်ထားသည့် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များအား လှည့်လည်ကြည့်ရှုကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အနော်ရထာခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်နှင့် ပန်း၊ သောက်တော်ရေချမ်း၊ ဆီမီး၊ သစ်သီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် အစီအစဉ်အရ မဟာဘုံကထိန်အလှူတော်မင်္ဂလာအခမ်းအနား



ရေဆင်းကံ့ဦးကျောင်းဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး နှင့်ဇနီးတို့က ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဒုတိယ ဗိုလ်ချုပ်ကြီးထိန်ဝင်း နှင့်ဇနီးတို့က ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။





နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီးဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့က ကိုးပါးသီလခံယူဆောက်တည်ကြစဉ်။





သန်လျင်မင်းကျောင်းဆရာတော်ကြီးအမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

ကို “နမောတဿ” သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က ကထိန်ခံနေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ရေဆင်းကံဦးကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇဝနထံ ကထိန်လျှာသကာ်န်းကိုလည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်ဇနီးတို့က **စာမျက်နှာ ၁၁ သို့** ✮

**စာမျက်နှာ ၁၁ သို့**





ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

# MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com


# Families of Office of Commander-in-Chief (Army, Navy and Air) hold Maha Communal Kathina ceremony for 2024



Senior General Min Aung Hlaing, wife Daw Kyu Kyu Hla and congregation receiving the Nine Precepts from Sayadaws.



Senior General Min Aung Hlaing and wife Daw Kyu Kyu Hla offer Kathina robes and alms to the SSMNC Chairman Sayadaw.

NAY PYI TAW November 12

Families of Office of the Commander-in-Chief (Army, Navy and Air) held the Maha Communal Kathina ceremony for 2024 this morning at Anawratha Hall of Office of the Commander-in-Chief (Army), attended by Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing and wife Daw Kyu Kyu Hla, who donated kathina robes and offertories.

Present were 27 Sayadaws led by Chairman of State Sangha Maha Nayaka Committee Patron of Minkyaung Pahtamabyanpariyatti school in Thanlyin Sayadaw Agga Maha Pandita Agga Maha Saddhamma Jotikadhaja Dr Bhaddanta Candiama Bhivamsa, Secretary of SSMNC Patron of Masoeyein Taikthit monastery Sayadaw of Dhamma Thamaindipariyatti school Agga Maha Pandita Agga Maha Saddhamma Jotikadhaja Maha Dhamma Kahtika Bahujana Hitadhara Bhaddanta Vaselabhivamsa and Oavadacariya Sayadaws of Board of Trustees of Uppatasanti Pagoda. Also attended the ceremony together with the Senior General and wife were Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win and wife Daw Than Than Nwe, SAC member Chief of General Staff (Army, Navy and Air) General Maung Maung Aye and wife, senior military officers from the Office of the Commander-in-Chief and wives, officers, other ranks and families.

The Senior General and wife and attendees observed the kathina robes and offertories hung on decorated stands. The Senior General paid homage and presented a meal in Emerald Bowl, flowers, water and lights to Buddha Image in the Anawrahta Hall.

According to the agenda, the congregation opened the ceremony by reciting namotassa three times and received the Nine Precepts from the SSMNC Chairman Sayadaw.

Sayadaws recited religious sermons. The Senior General and wife presented kathina robes to Sayadaw Agga Maha Pandita Bhaddanta Javana of Yezin KanU monastery, the kathina offerings recipient monastery, in Zeyathiri Townshhip and kathina robes and offertories to the SSMNC Chairman Sayadaw.

See Page - 21►►



Senior General Min Aung Hlaing and wife Daw Kyu Kyu Hla offer meals to Sayadaws.

# 44,481 acres of rain-fed sunflower planted in Sagaing Region



SAGAING November 12

A total of 47,223 acres of rain-fed sunflower were planted in seven districts in Monywa District of Sagaing Region in this year's rain crops growing season, and out of them, 44,481 acres have been harvested so far, according to the Region Agriculture Department.

Under the close supervision and guidance of the Regional Department of Agriculture, officials from the District and Township Agriculture Departments are making field trips and providing agricultural techniques such as good quality seeds, systematic ways of planting and prevention of pest infestation to farmers in cooperation with relevant departments in the region.

In this year's rain crops planting season, 47,223 acres of sunflower have been cultivated since the first week of May, including 9,537 acres in Monywa District, 16,089 acres in Yinmabin District, 1,117 acres in Shwebo District, 4,995 acres in Ye-U District, 595 acres in Kanbalu District, 14,789 acres in Sagaing District and 90 acres in Katha District, and as of now, 44,481 acres of sunflower have been harvested with an average yield of 22.28 percent per acre, and a total of 99,143 baskets of sunflower were produced, according to the statistics released by the Township Agriculture Department.

**SK**

# Dried snakehead fish produced in the Maungmakan receive many orders from Thailand

MAUNGMAKAN November 12

Dried snakehead fish produced in the Maungmakan Beach, Dawei, Taninthayi Region, began to receive many orders from Thailand this month, according to the market.

Domestic demand for dried fish is low, while there is a rising demand from abroad. Moreover, during this cold season, dried anchovy fish from Maungmakan are also available at a slightly lower price than last year.

"There are a lot of shipments to Thailand this month. There are orders for dried snakehead fish. We mainly ship it to Thailand. Domestic demand is weak now. There is more demand from abroad than local ones. In the cold season, local dried Indian Anchovy is available on Maungmakan beach. Its price is a little less than last year," said a dried fish retailer and wholesaler in Maungmakan.

They also receive dried Indian Anchovy orders from Yangon and Mawlamyine, and within the next week, dried Nga Melone will also be available.

"Right now, people from Yangon and Mawlamyine are buying dried Indian Anchovy. There are a lot of orders from Thailand for dried snakehead fish and croakers. Next week, dried Frigate Tuna will be in season in Maungmakan, so they will buy directly from warehouses. Seawater-dried fish will be plenty from this season," he said.

During October, lotia and croakers sold well in the dried fish market, and the former had a better sale with more consumption.

**SMK**

# Kanbalu Township plans to grow 40,956 acres of bean varieties in cold season



KANBALU November 12

Monywa, 4 November A total of 40,956 acres of bean varieties have been earmarked to cultivate in Kanbalu Township of Sagaing Region in 2024-2025 FY, according to the Township Agriculture Department. "The local farmers are growing pulses and beans on a larger scale as consumption requirements for beans are increased in the township. Among the crops, pulses are one of the successful cultivation because it has become one of farmers' main cash crops today. The township sends pulses not only to the regions and states but also to the neighboring countries" according to an official from the Township Department of Agriculture. In this year's oilseed crops growing season, the township has targeted to grow 40,956 acres of bean varieties including 850 acres of mung bean, 1,950 acres of green gram, 995 acres of butter bean, 12,730 acres of blue phaseolus, 17,790 acres of chick pea, 600 acres of cow pea, 5,550 of lablab bean and 860 acres of other types of beans in the township.

**SK**

# Plan underway to grow more than 15,000 acres of winter sesame in Budalin Township this year

BUDALIN November 12

Budalin Township Agriculture Department stated that the township authorities plan to grow 15,680 acres of winter sesame in Budalin Township of Sagaing Region this year.

In 2024-2025 winter, local farmers will start cultivation of winter sesame on 15,680 acres of croplands in October till December.

U Phyo Wai, Head of Budalin Township Agriculture Department said: "We planned to grow more than 15,000 acres of winter sesame with utmost efforts for meeting the target cultivation. Sown acreage of winter sesame is on the rise yearly. Local farmers prefer to grow sesame in winter more than monsoon. Oil crops are thriving in the township."

This year, officials of the township Agriculture Department will raise farmer awareness to expand sown acreage of winter with advanced agricultural techniques and GAP system using quality strains of crops for boosting per-acre yield.

The crops produced in GAP can fetch higher prices than other crops. Such crops can grasp foreign market to earn increased incomes for local farmers.

**SMK**

# More than 2,000 acres of black bean planted in Dabayin Township

DABAYIN November 12

Local farmers have placed a total of 2,084 acres of croplands under black bean in Dabayin Township of Sagaing Region this monsoon, according to the statistics of YeU District Agriculture Department.

Farmers in the township have planted 2,084 acres of black bean exceeding the target of 1,672 acres of black bean this monsoon.

U Zaw Myint Tun, Head of YeU District Agriculture Department commented: "Currently, farmers exceed cultivation of black bean more than the target cultivation. Our departmental officials helped local farmers with agricultural techniques and prevention of pests."

Dabayin Township Agriculture Department provided suitable quality strains of crops, agricultural techniques, prevention of pests and systematic use of fertilizers for local farmers.

Officials of relevant township Agriculture Department cooperate with local farmers in boosting per-acre yield of crops, distribution of quality strains of crops, agricultural inputs and post-harvest technology.

**SK**

# South Korean military accuses north of jamming GPS signals – Reports

MOSCOW November 12

South Korea's Joint Chiefs of Staff accused North Korea on Tuesday of jamming its GPS signals for five days in a row, in a move that it said affected maritime navigation and civilian aircraft, South Korean media reported.

"The GPS signal jamming took place in some areas today ... They took place in the western border islands, involving weak signals in the early hours," JCS spokesperson Lee Sung-jun was quoted as saying by Yonhap news agency.

The North has been reportedly conducting "GPS jamming attacks" against the South since Friday, in what is believed to be part of the North's ongoing anti-drone drills.

Jamming attacks were reported last week in the Hezhu and Kaesong regions in the north of South Korea. The South Korean military called on Pyongyang to "immediately stop" the attacks and warned it about repercussions.



**Sputnik**

# Africa's elephant population declines by 70 pct over past 50 years: study

NAIROBI November 12

The population of both savannah and forest elephant species has declined sharply in the past half a century across the sub-Saharan African region, according to a research report released in Nairobi, the Kenyan capital.

Published by the Proceedings of the National Academy of Sciences, the report, which was released Monday evening, was conducted by two conservation groups, Save the Elephants and Wildlife Conservation Society.

The study analyzed hundreds of population surveys from 475 sites across 37 African countries between 1964 and 2016, focusing on the population dynamics of elephants in their natural habitats.

Among key findings, it includes an average decline of 90 percent for the African elephant population, a 70 percent decline for the savannah elephant population and a combined average decline of 77 percent across both species in the continent.

George Wittemyer, the senior author and elephant expert with Save the Elephants, said the study helped pinpoint regions where the population of the iconic land mammals increased and successful conservation efforts.

"We must develop and implement a portfolio of effective solutions to address the diverse challenges elephants face across Africa," Wittemyer said.

According to the study, the trends of the elephant population in the continent varied significantly. While some populations disappeared entirely, others recorded a dramatic growth.

In southern Africa, the savannah elephant population saw an average increase of 42 percent, while only 10 percent of surveyed populations in eastern Africa showed growth. In contrast, northern savannahs recorded no population growth, with many elephant groups becoming extinct. These trends underline the severe threats facing these land mammals, including poaching, habitat loss and climate-related stresses.

Boo Maisels, a conservation scientist at the Wildlife Conservation Society and a contributing author of the study, said that if well protected and managed, the African elephants can still thrive in their natural habitats despite the myriad threats they face.

**Xinhua**

# Israeli air force strikes Beirut's southern Haret Hreik suburb - Reports



BEIRUT November 12

The Israeli air forces struck the Haret Hreik neighborhood in the southern suburbs of Beirut on Tuesday, a Sputnik correspondent in Lebanon reported.

A large plume of smoke rose above the targeted area. An Israeli reconnaissance drone was spotted in the sky over the southern suburbs of Beirut and the Lebanese capital's central districts.

The Israeli Defence Forces (IDF) told residents of the Haret Hreik, Bir el-Abed, Sfeir, Mreijeh, Laylaki, and Hadath neighborhoods to leave their homes. IDF spokesperson AvichayAdraee posted aerial photographs on X, marking 11 designated targets in the southern Beirut suburbs.

Since October 1, Israel has been conducting a ground operation against Hezbollah forces in southern Lebanon while continuing airstrikes. Despite losses, the Lebanese movement has been fighting Israeli troops on the ground and launching rockets across the border. Israel says its main objective is to create conditions for the return of 60,000 residents who fled shelling in the north.

**Sputnik**

# Spanish PM unveils new flood relief package for Valencia Region

MADRID November 12

Spanish Prime Minister Pedro Sanchez announced on Monday a second aid package for those affected by the devastating flash floods that struck the Valencia region on October 29.

In a press conference from his official residence at the Palacio de la Moncloa, Sanchez detailed the new package, which includes 110 measures totaling 3,765 million euros (4,001 million U.S. dollars).

This follows the 10.6 billion euros in aid he announced last week to address the extensive damage caused by the floods, which, according to the government website, have claimed 222 lives and severely impacted infrastructure and businesses in Valencia, Castilla-La Mancha, and Andalusia.

"The Government of Spain, like the entire Spanish society, stands with the people of Valencia for as long as necessary," Sanchez said, adding that the measures would take effect almost immediately.

A central focus of the new aid package is to assist homeowners, including renters, by offering financial support to replace household items, with the government covering 50 percent of replacement costs upfront to reduce waiting times during claim processing.

The package also includes provisions to protect the income of around 400,000 workers, support 30,000 companies in resuming their operations, and aid approximately 100,000 households in meeting essential needs. To streamline assistance, the government plans to expand infrastructure to expedite claims processing.

Additionally, on Monday, Spain's Transport Minister Oscar Puente announced that high-speed train service between Valencia and Madrid will resume on Thursday, November 14. Meanwhile, children in 22 municipalities were able to return to schools that had been closed due to the flooding. (1 euro = 1.07 U.S. dollar)

**Xinhua**

►► From Page - 18

The Vice-Senior General and wife presented kathina robes and offertories to SSMNC Secretary Sayadaw, the SAC member and wife presented offertories to Sayadaw of Yezin KanU monastery, and senior military officers and wives presented kathina robes and offertories to Sayadaws.

Two Sayadaws of Yezin KanU monastery conducted a kathina question and answer session.

The SSMNC Secretary Sayadaw delivered a sermon and merits gained were shared.

After concluding the ceremony with the recitation of Buddha sasanamciramtithatu three times, confetti were thrown to mark the success of the ceremony. After the ceremony, the Senior General and the congregation offered day meal to Sayadaws led by the SSMNC Chairman Sayadaw.

The decorated stands where kathina robes and offertories were hung were conveyed from Anawrahta Hall in the compound of the Office of the Commander-in-Chief (Army) to Uppatasanti Pagoda in a motorcade on 10 November.

The relevant departments and sections of Office of the Commander-in-Chief (Army, Navy and Air) donated 90 the decorated stands with Ks-136,293,395 worth of in-kinds and Ks-106,985,010 worth of cash, totalling Ks -243,278,405 at the ceremony and transported the donations to the relevant monasteries by car. **100**



Senior General Min Aung Hlaing observes the Kathina robes and offertories hung on decorated stands.



The Kathina robes and offertories hung on decorated stands being conveyed in a motorcade.



Photo shows a display of the Kathina robes and offertories hung on decorated stands.



The Kathina robes and offertories hung on decorated stands being conveyed in a motorcade.



Photo shows a display of the Kathina robes and offertories hung on decorated stands.

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

## (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှ

# ပထမဆုရှင်တို့၏ ပြိုင်ပွဲဝင်ပုံရိပ်များ



ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသမီး) စောင်းအတီးပြိုင်ပွဲတွင် ပူးတွဲပထမဆုရ ဧရာဝတီတိုင်းဒေသကြီးမှ ဒေါ်တင်နီလာဝင်း "ဇမ္ဗူကျွန်းလုံး"(သီချင်းခံ) သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။



အခြေခံပညာ(၁၀-၁၅)(အမျိုးသမီး) တယောအတီးပြိုင်ပွဲတွင် ပူးတွဲပထမဆုရ ပဲခူးတိုင်းဒေသကြီးမှ မသွန်းရွှေရည်လင်း "ရွှေပြည်ကြီးရော"(ကြိုး)သီချင်းဖြင့်ယှဉ်ပြိုင်စဉ်။




ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသမီး) ဂီတာအတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မထက်လင်းရွှေဘို "ဖူးပွေ့လက်တင်"(ဘောလယ်)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။




အခြေခံပညာ (၁၅-၂၀)(အမျိုးသမီး) တယောအတီးပြိုင်ပွဲတွင် ပူးတွဲပထမဆုရ ကယားပြည်နယ်မှမမေသန္တာဝင်း "မှန်ရဝေ"(ပတ်ပျိုး)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။



ကာလပေါ်/ခေတ်ဟောင်းတေးဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသား) အဆိုပြိုင်ပွဲတွင် ပထမဆုရ တနင်္သာရီတိုင်းဒေသကြီးမှ ဦးဘိုဘိုမင်း "ပန်းစုံတဲ့တော" သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။



ကာလပေါ်/ခေတ်ဟောင်းတေးအဆင့်မြင့်ပညာ (အမျိုးသား) အဆိုပြိုင်ပွဲတွင် ပူးတွဲပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မောင်မျိုးခန့်မောင်မောင် "ဂုဏ်တော်ကိုးသွယ်"သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။

# ရုရှားနှင့်မဟာဗျူဟာမြောက်လုံခြုံရေးသဘောတူညီချက်ကို မြောက်ကိုရီးယားအတည်ပြု

ပြုံယမ်း၊ သဘောတူညီမှု

ရုရှားသမ္မတပူတင်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအွန်တို့ လက်မှတ်ထိုးထားသည့် မဟာဗျူဟာမြောက်လုံခြုံရေးသဘောတူညီချက်ကို မြောက်ကိုရီးယားအစိုးရက အတည်ပြုလိုက်ကြောင်း နိုင်ငံပိုင်သတင်းဌာနက နိုဝင်ဘာလ ၁၂ ရက်တွင်ဖော်ပြထားသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအွန်က ထိုသဘောတူညီချက်ကိုအတည်ပြုရေးအတွက် ဒီကရီတစ်ခုကို နိုဝင်ဘာလ ၁၁ ရက်တွင်လက်မှတ်ထိုးလိုက်ခြင်းဖြစ်သည်။ ရုရှားသမ္မတက အလားတူဆောင်ရွက်ချက်ကိုလုပ်ဆောင်ပြီးနောက် မြောက်ကိုရီးယားခေါင်းဆောင်ကလည်း လိုက်ပါလုပ်ဆောင်ခြင်းဖြစ်သည်။

ထို့ကြောင့် နှစ်နိုင်ငံကြားတွင် အဆိုပါစာချုပ်စာတမ်းများကို အပြန်အလှန်လဲလှယ်ပြီးပါက ထိုမဟာဗျူဟာမြောက်လုံခြုံရေးသဘောတူညီချက်က အသက်ဝင်သွားမည်ဖြစ်သည်။ အဆိုပါသဘောတူညီချက်စာချုပ်တွင် အပိုဒ်ခွဲပေါင်း ၂၃ ပိုဒ်ပါဝင်သည်။

သဘောတူစာချုပ်၏အပိုဒ်ခွဲ ၄ တွင်ဖော်ပြထားချက်အရ နိုင်ငံတစ်နိုင်ငံသည် ပြည်ပနိုင်ငံတစ်နိုင်ငံ သို့မဟုတ် နိုင်ငံများ၏တိုက်ခိုက်ခြင်းကိုခံရပါက စာချုပ်တွင်ပါရှိသည့် အခြားအဖွဲ့ဝင်နိုင်ငံသည် စစ်ရေးအပါအဝင် လိုအပ်သောထောက်ပံ့မှုများအားလုံးကို ပေးစွမ်းသွားရမည်ဟု ဖော်ပြထားသည်။

ထို့ပြင် နှစ်နိုင်ငံစလုံးသည် ဒေသတွင်းနှင့် နိုင်ငံတကာလုံခြုံရေးနှင့်တည်ငြိမ်အေးချမ်းရေးတို့အတွက်ပူးပေါင်းဆောင်ရွက်မှုများလုပ်ဆောင်သွားမည်ဟုလည်း ကတိပြုထားသည်။ Ref: RT



# ကျူးဟိုင်မြို့၌ လူအုပ်ကြီးကို ကားတစ်စီးကဝင်တိုက်၊ ၃၅ ဦးသေဆုံး

ကျူးဟိုင်၊ မတော်တဆမှု

တရုတ်နိုင်ငံတောင်ပိုင်း ကျူးဟိုင်မြို့၌ လူအုပ်ကြီးကို ကားတစ်စီးကဝင်တိုက်မှုဖြစ်ပွားရာ လူ ၃၅ ဦးသေဆုံးပြီး ၄၃ ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က နိုဝင်ဘာလ ၁၂ ရက်တွင်ထုတ်ပြန်သည်။

ထိုဖြစ်စဉ်သည် ကျူးဟိုင်မြို့ရှိ အားကစားစင်တာတစ်ခု၌ နိုဝင်ဘာလ ၁၁ ရက်ညပိုင်းတွင်ဖြစ်ပွားခြင်းဖြစ်ပြီး လူအုပ်စုတစ်ခုကလေ့ကျင့်ခန်းလုပ်နေစဉ် ကားတစ်စီးကဝင်တိုက်သွားခြင်းဖြစ်သည်။

ကနဦးစုံစမ်းစစ်ဆေးမှုများအရ အသက် ၆၂ နှစ်ရှိ အမျိုးသားတစ်ဦးသည် ၎င်း၏ဇနီးနှင့်ကွာရှင်းပြီးနောက် ပိုင်ဆိုင်မှုခွဲဝေခြင်းနှင့်ပတ်သက်၍ စိတ်မကျေနပ်မှုဖြစ်ပွားနေစဉ် လူအုပ်ကိုကားဖြင့်ဝင်တိုက်ခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့၏ထုတ်ပြန်ချက်၌ဖော်ပြထားသည်။

ထိုအမျိုးသားသည် ယာဉ်တိုက်မှုကျူးလွန်ပြီးနောက် ထွက်ပြေးရန်ကြိုးပမ်းစဉ် ရဲတပ်ဖွဲ့က ယင်းအမျိုးသားကိုဖမ်းဆီးထိန်းသိမ်းလိုက်နိုင်သည်။ ထိုသို့ထိန်းသိမ်းစဉ်ယင်းအမျိုးသားက ကိုယ့်ကိုယ်ကိုဓားဖြင့်ထိုးထားသည်ကို မြင်တွေ့ရသည်။ လက်ရှိအချိန်တွင် ထိုအမျိုးသားသည် ကိုမာဝင်နေကြောင်းသိရသည်။ Ref: TST



# ဟောင်ကောင်၌ ရင်သားကင်ဆာက ဒုတိယအဖြစ်အများဆုံးရောဂါဖြစ်လာ

ဟောင်ကောင်၊ ကျန်းမာရေး

ဟောင်ကောင်ဒေသတွင် ရင်သားကင်ဆာက ဒုတိယအဖြစ်အများဆုံးရောဂါဖြစ်လာကြောင်းနှင့် ထိုသို့ဖြစ်ပွားမှုသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း ကျန်းမာရေးတာဝန်ရှိသူများက နိုဝင်ဘာလ ၁၂ ရက်တွင်ဖော်ပြထားသည်။

ရင်သားကင်ဆာက အူမကြီးကင်ဆာကိုကျော်လွန်၍ ဒုတိယအဖြစ်အများဆုံးရောဂါဖြစ်လာခြင်းဖြစ်ပြီး အဆုတ်ကင်ဆာမှာမူဟောင်ကောင်ဒေသ၌ဖြစ်ပွားမှုအများဆုံးရောဂါအဖြစ် ကျန်ရှိနေဆဲဖြစ်သည်။

အဆုတ်ကင်ဆာရောဂါဖြစ်ပွားသူပမာဏက ၅၇၇၇ ဦးအထိရှိနေစဉ် ရင်သားကင်ဆာရောဂါဖြစ်ပွားသူက ၅၂၀၈ ဦးရှိနေသည်ဟု ဟောင်ကောင်ကင်ဆာမှတ်တမ်းအချက်အလက်များတွင်ဖော်ပြထားသည်။

အလားတူ အသည်းကင်ဆာနှင့်အစာအိမ်ကင်ဆာတို့မှာ ဟောင်ကောင်ဒေသ၌ စတုတ္ထမြောက်နှင့် ပဉ္စမမြောက်အဖြစ်အများဆုံးရောဂါဖြစ်ကြောင်းသိရသည်။ Ref: SCMP

## သတင်းတိုကဏ္ဍ

# လက်ဘနွန်၌ အပစ်အခတ်ရပ်စဲရေးရှိမည်မဟုတ်ဟု အစ္စရေးကာကွယ်ရေးဝန်ကြီးပြော

အစ္စရေးစစ်ဘက်သည် လက်ဘနွန်ရှိ ဟစ်ဇဘိုလာတို့ကို အင်အားအပြည့်ဖြင့် တိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်နေမည်ဖြစ်ပြီး အပစ်အခတ်ရပ်စဲရေးဆိုသည်မှာ ရှိလာမည်မဟုတ်ကြောင်း ကာကွယ်ရေးဝန်ကြီးက နိုဝင်ဘာလ ၁၂ ရက်တွင်ပြောသည်။

"လက်ဘနွန်မှာ အပစ်အခတ်ရပ်စဲရေးနဲ့ အနားပေးမှုဆိုတာ ရှိလာမှာမဟုတ်ပါဘူး။ စစ်ရေးရည်မှန်းချက်များ မရမချင်း ဟစ်ဇဘိုလာတို့ကို အင်အားအပြည့်နဲ့ ဆက်လက်တိုက်ခိုက်သွားမှာဖြစ်ပါတယ်" ဟု အစ္စရေးကာကွယ်ရေးဝန်ကြီးက ပြောထားခြင်းဖြစ်သည်။

အစ္စရေးကာကွယ်ရေးဝန်ကြီးဖြစ်သည့် အစ္စရေးကတ်သည် ယခုလအတွင်းအစိုးရအဖွဲ့၌ တာဝန်ပေးအပ်ခြင်းခံရသူဖြစ်သည်။ ထို့နောက် ဟစ်ဇဘိုလာတို့အနေဖြင့် ပြန်လည်စုဖွဲ့ကာ လက်နက်တပ်ဆင်နိုင်စေမည့်အခွင့်အရေးရရှိစေနိုင်သော ပစ်ခတ်တိုက်ခိုက်မှုရပ်စဲခြင်းကိုခွင့်ပြုသွားမည်မဟုတ်ဟု ကတိပြုထားသူဖြစ်ကြောင်းသိရသည်။ Ref: Xinhua

# ဖိလစ်ပိုင်က သီတင်းပတ်သုံးပတ်အတွင်း ငါးလုံးမြောက်မုန်တိုင်းအတွက် အသင့်ပြင်ဆင်နေရ

ဖိလစ်ပိုင်နိုင်ငံသည် သီတင်းပတ်သုံးပတ်အတွင်း ငါးလုံးမြောက်မုန်တိုင်းတိုက်ခတ်နိုင်မှုအတွက် နိုဝင်ဘာလ ၁၂ ရက်တွင်အသင့်ပြင်ဆင်နေရပြီး ထောင်ပေါင်းများစွာသောပြည်သူများမှာ ဘေးကင်းရာသို့ရွှေ့ပြောင်းနေရကြောင်းသိရသည်။

တိုင်ဖွန်းမုန်တိုင်းတိုရာဂျီသည် ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းသို့ဝင်ရောက်တိုက်ခတ်ပြီးမကြာမီမှာပင် မုန်တိုင်းအူဆာဂီက လူဇွန်ကျွန်းသို့ဦးတည်လာနေခြင်းဖြစ်သည်။

မုန်တိုင်းအူဆာဂီသည် လက်ရှိတွင် တဖြည်းဖြည်းအားကောင်းလာပြီး ယခုသီတင်းပတ်အကုန်ပိုင်းတွင် လူဇွန်ကျွန်းသို့ဝင်ရောက်မည်ဖြစ်ကြောင်း မိုးလေဝသဌာနက ထုတ်ပြန်ထားသည်။

အဆိုပါမုန်တိုင်းဖြတ်သန်းမည့်လမ်းကြောင်းသည် မုန်တိုင်းရင်ရှင်းဖြတ်သန်းသွားသည့်လမ်းကြောင်းအတိုင်း ဦးတည်နေသည်ဟု အရပ်ဘက်ကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌကပြောသည်။ Ref: TST

# ဥရောပသမဂ္ဂက ဆင်းရဲနိုင်ငံများအတွက်ထောက်ပံ့ငွေကို ကာကွယ်ရေးအတွက် ပြောင်းလဲအသုံးပြုဖွယ်ရှိ

ဥရောပသမဂ္ဂသည် ဆင်းရဲသောအဖွဲ့ဝင်နိုင်ငံများအား ထောက်ပံ့ပေးရန်လျာထားသည့် ယူရိုဘီလီယံပေါင်းများစွာကို ကာကွယ်ရေးအတွက်ပြောင်းလဲအသုံးပြုသွားဖွယ်ရှိနေကြောင်း Financial Times သတင်းဌာနက နိုဝင်ဘာလ ၁၂ ရက်တွင် ဖော်ပြထားသည်။

အမေရိကန်နိုင်ငံ၌ ဒေါ်နယ်ထရမ့်က သမ္မတအဖြစ်ရွေးကောက်ခံရပြီးနောက် ဥရောပသမဂ္ဂက ယခုကဲ့သို့မူဝါဒပြောင်းလဲသတ်မှတ်ခြင်းဖြစ်ပြီး ဥရောပသမဂ္ဂရှိ NATO အဖွဲ့ဝင်နိုင်ငံများကိုလည်း ကာကွယ်ရေးအသုံးစရိတ် တိုးမြှင့်ရန် တောင်းဆိုလိုက်ခြင်းဖြစ်သည်။

ကာကွယ်ရေးအတွက်ပြောင်းလဲအသုံးပြုမည့်ငွေများသည် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများကြား စီးပွားရေးမညီမျှမှုကို လျှော့ချနိုင်ရေးအတွက်ရည်ရွယ်ထားရှိသည့် စည်းလုံးမှုရန်ပုံငွေမှရယူအသုံးပြုသွားမည်ဖြစ်သည်။

ဥရောပသမဂ္ဂသည် ယူကရိန်းပဋိပက္ခဆက်လက်ဖြစ်ပွားမည်ဟုမျှော်မှန်းလျက် ကာကွယ်ရေးအသုံးစရိတ်ကို တိုးမြှင့်ရန်လုပ်ဆောင်လာခြင်းဖြစ်သည်။ Ref: RT

# သီရိလင်္ကာက လွှတ်တော်ရွေးကောက်ပွဲအတွက် လုံခြုံရေးတပ်ဖွဲ့ဝင် ၉၀၀၀၀ ကိုဖြန့်ကြက်

သီရိလင်္ကာအစိုးရက နိုဝင်ဘာလ ၁၄ ရက်တွင်ကျင်းပသွားမည့် လွှတ်တော်ရွေးကောက်ပွဲအတွက် လုံခြုံရေးတပ်ဖွဲ့ဝင် ၉၀၀၀၀ ကိုဖြန့်ကြက်ထားကြောင်း ရဲတပ်ဖွဲ့မှပြောရေးဆိုခွင့်ရှိသူက နိုဝင်ဘာလ ၁၂ ရက်တွင်ပြောသည်။

လွတ်လပ်ပြီးမျှတသည့်ရွေးကောက်ပွဲဖြစ်လာစေရေးအတွက် ရဲတပ်ဖွဲ့ဝင်များအပါအဝင် အဆိုပါလုံခြုံရေးအဖွဲ့ဝင်များကို နိုဝင်ဘာလ ၁၂ ရက်မှစ၍ ဖြန့်ကြက်ထားခြင်းဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် ယခုအချိန်အထိ ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဆူပူအုံကြွမှုဖြစ်စဉ်များဖြစ်ပွားသည့်သတင်းပေးပို့ချက်များမရရှိသေးကြောင်း ပြောရေးဆိုခွင့်ရှိသူ နီဟယ်သာလူဝါကပြောသည်။

ထို့ပြင် တာဝန်ရှိသူများသည် အလုပ်သမားအင်အား ၁၅၀၀ ကျော်အသုံးပြု၍ တရားမဝင်ရွေးကောက်ပွဲပိုစတာပေါင်း ၁ ဒသမ ၃၆ သန်းကို နိုဝင်ဘာလ ၁၁ ရက်ညပိုင်းအထိလိုက်လံဖြုတ်ချခဲ့ရသည်။ နိုဝင်ဘာလ ၁၃ ရက်နှင့် ၁၄ ရက်တွင် စာသင်ကျောင်းများကိုပိတ်ထားမည်ဟု သိရသည်။ Ref: Xinhua

# တရုတ်-မြန်မာယဉ်ကျေးမှုဖလှယ်ရေး ရက်သတ္တပတ်လှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားနှင့် (၄)ကြိမ်မြောက် Twin City မီဒီယာဖိုရမ်သို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်အဖွဲ့ တက်ရောက်



နေပြည်တော် နိုဝင်ဘာ ၁၂

၂၀၂၄ ခုနှစ် တရုတ်-အာဆီယံ လူမှုယဉ်ကျေးမှုဆွေးနွေးဖလှယ်ရေးနှစ်နှင့် ၂၀၂၅ ခုနှစ်တွင် တရုတ်-မြန်မာ သံတမန်ဆက်ဆံရေးထူထောင်ခြင်း (၇၅)နှစ်မြောက် နှစ်ပတ်လည်အကြိုလှုပ်ရှားမှုအဖြစ် တရုတ်-မြန်မာနှစ်နိုင်ငံ ကဏ္ဍစုံအကျိုးတူပူးပေါင်းဆောင်ရွက်မှု နက်ရှိုင်းစွာမြှင့်တင်နိုင်ရန်နှင့် နှစ်နိုင်ငံမီဒီယာပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ၂၀၂၄ ခုနှစ် တရုတ်-မြန်မာ ယဉ်ကျေးမှုဖလှယ်ရေး ရက်သတ္တပတ် လှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားနှင့် (၄)ကြိမ်မြောက် Twin City မီဒီယာဖိုရမ်ကို ယနေ့နံနက်ပိုင်းတွင် တရုတ်နိုင်ငံ ယူနန်ပြည်နယ် မြို့တော် ကူမင်းမြို့ရှိ တျန်ချီစုံဖိန်ဗီလာဟိုတယ်၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်အတူ တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်မောင်ဆွေ၊ ယူနန်ပြည်နယ်ကောင်စစ်ဝန်နှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ကြသည်။

အဆိုပါမြန်မာကိုယ်စားလှယ်အဖွဲ့တွင် ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်း ၄၁ ဦးနှင့် ပြင်ပမီဒီယာနှင့် အဖွဲ့အစည်းများမှ အဖွဲ့ဝင်ခုနစ်ဦး စုစုပေါင်း ၄၈ ဦးဖြင့် စုဖွဲ့တက်ရောက်ခြင်းဖြစ်ပြီး တရုတ်နိုင်ငံမှ တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ် ပါတီကော်မတီ အမြဲတမ်းကော်မတီဝင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဇိန်းယန့်၊ တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ် ပါတီကော်မတီ အမြဲတမ်းကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဖုန်ကျွင့်ရန်၊ ယူနန်နေ့စဉ် သတင်းစာလုပ်ငန်းစု၊ ယူနန်ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာန၊ ယူနန်ပြည်နယ်မှ တက္ကသိုလ်ကောလိပ်များ၊ တယ်ဟုန်ပြည်နယ်ခွဲ၊ လင်ချန်းမြို့၊ ပေါင်ရှန်မြို့၊ နုကျန်းပြည်နယ်ခွဲ၊ ဖူအောမြို့၊ စစ်ဆောင်ပန်းနားပြည်နယ်ခွဲ၊ ချူရှုံပြည်နယ်ခွဲတို့မှ ပါတီကော်မတီ ပြန်ကြားရေးဌာနများမှ တာဝန်ရှိသူများ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ကြသည်။

ဦးစွာ တရုတ်ယဉ်ကျေးမှုအကအဖွဲ့က "တောတောင်ရေမြေ တစ်သားတည်းဖြစ်တဲ့ ပေါက်ဖော်မေတ္တာ" တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အကအဖွဲ့က "ပုဂံ"အကဖြင့် ဆက်လက်၍ ဖျော်ဖြေတင်ဆက်သည်။

ထို့နောက် တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ပါတီကော်မတီ အမြဲတမ်းကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဇိန်းယန့်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မိန့်ခွန်းပြောကြားရာတွင် ယနေ့အခမ်းအနားတွင် နှစ်နိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ပြခန်းများခင်းကျင်းပြသရာတွင်လည်း မြန်မာနိုင်ငံ၏ ပုဂံနှင့်ပတ်သက်သည့်ပြခန်းအား ထည့်သွင်းခင်းကျင်းပြသထားကြောင်း၊ မိမိတို့နိုင်ငံတော်အကြီးအကဲက စိုက်ပျိုးရေးထုတ်ကုန်၊ မွေးမြူရေးထုတ်ကုန်နှင့် MSME ထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ဆောင်ရွက်ရန် လမ်းညွှန်ထားပြီး နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်တွင် ထည့်သွင်း၍ စိုက်ပျိုးရေးကဏ္ဍကို အလေးအနက်ထား ဆောင်ရွက်နေကြောင်း။

(၄)ကြိမ်မြောက် Twin City မီဒီယာဖိုရမ်မှ ပြောင်းလဲတိုးတက်လာသည့် ခေတ်မီနည်းပညာဖြစ်သည့် AI ကဲ့သို့ နည်းပညာကို အသုံးပြုပြီး အဆင့်မြင့်မီဒီယာဖြစ်ထွန်းပေါ်ပေါက်လာစေရန် အတူတကွလက်တွဲပြီး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ "မင်္ဂလာပါ မျှော်လင့်ခြင်းလယ်ယာမြေ" ပထမအသုတ် စိုက်ပျိုးရေးစီမံကိန်း မိတ်ဆက်ကြေညာလက်စွဲစာအုပ်ကို ယူနန်ပြည်နယ် လယ်ယာစိုက်ပျိုးရေးကျွမ်းကျင်ပညာရှင် လျိုကျန့်ကော်နှင့် ASIA Flower Mall Myanmar Co,Ltd.MD ဒေါ်ဖွေးဖွေးသန့်တို့က မိတ်ဆက်ပြောကြားကြသည်။

ယင်းနောက် Bilibili မြန်မာဘာသာ Online တင်ဆက်သူ သိုက်နီး (ဆောင်းနေခြည်)နှင့် MRTV မှ မြနန္ဒာတို့က "မင်္ဂလာညီအစ်မ အတူပြောကြ" နိုင်ငံတကာ ပြန်ကြားရေးစီမံကိန်း ပထမအပတ်စဉ် Video တေးသီချင်းကို နောက်ခံဖြင့် မိတ်ဆက်ပြောကြားကြသည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ "မုံ့ရွှေရည်" တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြပြီး ယူနန်၊ YICC မှ ဒေါက်တာ ထိုက်လွင်ကိုက "ယူနန်လို့ခေါ်တဲ့ ဘဝနေထိုင်မှုတစ်မျိုးရှိတယ်" ပေါက်ဖော်ပြန်ကြားသူစီမံချက်အားပြောကြားသည်။

ထို့နောက် ယူနန်နေ့စဉ်သတင်းစာအဖွဲ့ ပါတီကော်မတီအတွင်းရေးမှူး သတင်းစာအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဟယ်ဇူးခွင်းနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်တို့က ၂၀၂၄ အွန်လိုင်း New Media မွမ်းမံသင်တန်း ပူးတွဲကျင်းပရေး(LOI) အားလည်းကောင်း၊ ယူနန်ပြည်နယ် YICC အယ်ဒီတာ/ညွှန်ကြားရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဝမ်ထင်ရောင်နှင့် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်ထွေးတို့က တရုတ်-မြန်မာစိုက်ပျိုးရေးလုပ်ငန်း အရည်အသွေးသစ်ကုန်ထုတ်စွမ်းအင်တီဗွီအစီအစဉ် အတူတကွဖန်တီးရေး (LOI ) ကိုလည်းကောင်း၊ ယူနန်ပြည်နယ် YICC အယ်ဒီတာ/ညွှန်ကြားရေးကော်မတီဒုတိယဥက္ကဋ္ဌ ဝမ်ထင်ရောင်နှင့် ရွှေဇာမဏီသတင်းစာတိုက်မှ အထွေထွေမန်နေဂျာ ဒေါ်ချိုသက်ထွန်းတို့က "ရွှေဇာမဏီ" တရုတ်ဘာသာသတင်းစာတိုက် မီဒီယာများနှင့် သတင်းကဏ္ဍ ၂၀၂၅ ခုနှစ် ပူးပေါင်းဆောင်ရွက်ရေးအတွက် လည်းကောင်း၊ ယူနန်ပြည်နယ် YICC အယ်ဒီတာ ညွှန်ကြားရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဝမ်ထင်ရောင်နှင့် ဩကာသစာပေမှ တာဝန်ခံ ဦးဟိန်းလတ်တို့က တရုတ်-မြန်မာ နိုင်ငံတကာပြန်ကြားရေးနှင့်ဘာသာပြန်အလုပ်ရုံ ပထမအသုတ် ဂန္ထဝင်စာပေများအပြန်အလှန် သာသာပြန်ဆိုထုတ်ဝေရေးစီမံကိန်းအား လည်းကောင်း၊ တယ်ဟုန်ပြည်နယ်ခွဲပါတီကော်မတီပြန်ကြားရေးဌာန ဒုတိယဦးစီးမှူး ပြည်နယ်ခွဲအစိုးရသတင်းရုံးခန်းဌာနမှူး လီဇုန်းမင်နှင့် မြန်မာ-တရုတ် ယဉ်ကျေးမှုခရီးသွားလုပ်ငန်းတိုးမြှင့်ရေးအသင်းဥက္ကဋ္ဌ လျိုဝေတို့သည် တရုတ်-မြန်မာ ခရီးသွား ထွက်ကုန်မိတ်ဆက်ခြင်း၊ ခရီးသွားပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်စေရေး ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းအားလည်းကောင်း LED ပေါ်တွင် လက်ရာတင်၍ စက်ခလုတ်နှိပ်ပြီး လုပ်ငန်းများစတင်၍ ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း ကြေညာသည်။ ယင်းနောက် တရုတ်-မြန်မာ ယဉ်ကျေးမှုဖလှယ်ရေးရက်သတ္တပတ်အခမ်းအနားကို တရုတ်နိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဇိန်းယန့်နှင့် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းတို့က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဧည့်သည်တော်များနှင့် အကြီးအကဲများက ဟိုတယ်အတွင်း ခင်းကျင်းပြသထားသည့်သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ယွန်းထည်လက်မှုပညာပြခန်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံဆိုင်ရာ သဘာဝရှုခင်းများ၊ ယဉ်ကျေးမှု၊ မြန်မာ-တရုတ်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဓာတ်ပုံပြခန်းများအပါအဝင်ယူနန်ပြည်နယ်မှ ထုတ်ကုန်များအား လှည့်လည်ကြည့်ရှုအားပေးကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ ရုပ်သေးအကအဖွဲ့နှင့် ယူနန်ပြည်နယ်မှ ရုပ်သေးအကတို့ ယှဉ်တွဲဖျော်ဖြေမှုအား ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

(၅၀၀)

# လျှပ်စစ်ဝန်အားပိုနေသောဓာတ်အားခွဲရုံမှ လျှပ်စစ်ဝန်အားမျှပေးခြင်းဖြင့် နွေရာသီတွင် လျှပ်စစ်သုံးစွဲမှုအဆင်ပြေစေရေး ကွင်းဆင်းစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၁၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးသည် ဓာတ်အားဖြန့်ဖြူးရေးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၂၃၀ ကေဗွီ ရောဝတ် ဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးထားသည့် ၆၆ ကေဗွီ ရောဝတ်(၁)ဖီဒါ လျှပ်စစ် ဝန်အားပိုနေခြင်းအား လျှပ်စစ်ဝန်အားမျှနိုင်ရန်အတွက် ၆၆ကေဗွီ ရောဝတ် ဖီဒါ(၃)နှင့်ဖီဒါ (၄) သို့ ဓာတ်အားပို့လွှတ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လာမည့်နွေရာသီကာလတွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်အား ရောဝတ်ဖီဒါ(၃)ဖြင့် လည်းကောင်း၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်အား ရောဝတ်ဖီဒါ (၄)ဖြင့်လည်းကောင်း ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် ဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊လိုင်းဆက်သွယ်မှုများ ပြင်ဆင်ဆောင်ရွက်ခြင်း၊ ၂၃၀ ကေဗွီ ရောဝတ်ဓာတ်အားခွဲရုံမှ လျှပ်စစ်ဝန်အား ခွဲဝေဖြန့်ဖြူးမည့် ၆၆ ကေဗွီ ရောဝတ် ဓာတ်အားခွဲရုံနှင့် ရတနာဓာတ်အားခွဲရုံ၊ ၆၉ ရပ်ကွက် ကျောက်ဖြူလမ်းနှင့် ပုဂံလမ်းထောင့်ရှိ ၆၆/၆.၆ ကေဗွီ(၅)အမ်ဗွီအေ စည်ပင်ရေတွန်းစက်ဓာတ်အားခွဲရုံ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ၆၆ ကေဗွီ ကုန်ပဒေသာ ဓာတ်အားခွဲရုံများကို ကြည့်ရှုစစ်ဆေးကြောင်းသိရသည်။



(၅၀၀)

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော(စုဒ္ဒသမအကြိမ်) စုပေါင်းမဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်း



ပဲခူး နိုဝင်ဘာ ၁၂

ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီး၌ ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှကြီးမှူးကျင်းပသော (စုဒ္ဒသမ အကြိမ်) စုပေါင်းမဟာဘုံကထိန် သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများ၊ ဧည့်ပရိသတ်များက နိုင်ငံတော်ဩဝါဒါစရိယ ပဲခူးမြို့ မြို့မစာသင်တိုက်ပဓာန နာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဂန္ဓမာ မဟာထေရ်မြတ်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များက မေတ္တာသုတ်ပရိတ် တရားတော်များ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့် တော်မူကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ကထိန် လျာသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်း များဆက်ကပ်လှူဒါန်းပူဇော်ခဲ့ကြကာ ပဲခူးမြို့ ကြခတ်ဝိုင်းစာသင်တိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဥ္ဇေယျဓမ္မာဘိဝံသ မထေရ်မြတ်ထံ မှ ကထိန်အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က စုပေါင်းမဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းအောင်ပွဲအထိမ်းအမှတ် အဖြစ် ရတနာရွှေမိုးငွေမိုးရွာသွန်းဖြိုးကာ ဘုရားအမှူးပြုသော ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

အဆိုပါပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော(စုဒ္ဒသမအကြိမ်)စုပေါင်း မဟာဘုံကထိန်အား ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့်အတူ ဌာနဆိုင်ရာများ စုပေါင်း၍ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ လှူဖွယ်ဝတ္ထုနှင့် ပစ္စည်းတန်ဖိုးစုစုပေါင်း ငွေကျပ် ၉၄၅၁၃၅၀၅ သိန်းလှူဒါန်းခဲ့ကြ ကြောင်းသိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

# ကယားပြည်နယ်၌ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများတစ်ပြေးညီဖြစ်စေရေး ဆွေးနွေး

လွိုင်ကော် နိုဝင်ဘာ ၁၂

လမ်းညွှန်းများ၊ လမ်းအမှတ်အသားများ နှင့် အချက်ပြများ တစ်ပြေးညီဖြစ်စေရေး နှင့် လမ်းများဖောက်လုပ်ရာတွင် လမ်း အင်္ဂါရပ်များ ထည့်သွင်းတည်ဆောက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နေ့လယ်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ကယား ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က လွိုင်ကော်မြို့အတွင်း အကြမ်းဖက်သောင်း ကျန်းသူများ၏ အဖျက်အမှောင့်လုပ်ရပ် များနှင့် ရေဘေးကြောင့် ပျက်စီးခဲ့သော လမ်းညွှန်း၊ လမ်းအမှတ်အသားများ၊ ပလက်ဖောင်း၊ ရေမြောင်းများ၊ လမ်းများ ကို မြို့အင်္ဂါရပ်နှင့်အညီ စနစ်တကျ ဖြစ်စေရေး ပြင်ဆင်ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ် ရေးရုံး၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ ပြည်နယ်လမ်းဦးစီးဌာန၊ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက လမ်းညွှန်းများ၊ လမ်းအမှတ်အသားများ၊ အသိပေးဆိုင်းဘုတ်များနှင့် လမ်းများအား လမ်းအင်္ဂါရပ်များနှင့်အညီ ဆောင်ရွက် ထားရှိမှုအခြေအနေများကို အသီးသီး Power Point များဖြင့် ရှင်းလင်းတင်ပြ ကြသည်။

ဆက်လက်၍ ပြည်နယ်ရဲတပ်ဖွဲ့မှူးနှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီး ဌာနတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း နှင့်ပတ်သက်၍ အသိပညာပေးဆောင် ရွက်မှုနှင့် အန္တရာယ်ကင်းရှင်းရေးစစ်ဆေး ဆောင်ရွက်နေမှုတို့ကို ဆွေးနွေးတင်ပြခဲ့ ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး တာဝန်ရှိသူများအား ပေါင်းစပ်ညှိနှိုင်းပေး ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ကမ္ဘာ့ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်ခဲ့သော မြန်မာအားကစားအဖွဲ့ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

ရန်ကုန် နိုဝင်ဘာ ၁၂

မော်ဒိုက်နိုင်ငံ Addu City ၌ ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၅ ရက်မှ ၁၁ ရက်အထိကျင်းပ ခဲ့သည့် (၁၅)ကြိမ်မြောက် ကမ္ဘာ့ကာယဗလ နှင့်ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲ(15th World Bodybuilding & Physique Sport Championship)သို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ်ဆုဆွတ်ခူးကာ နိုင်ငံ့ဂုဏ်ဆောင် ခဲ့သော မြန်မာအားကစားအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့ကာယဗလ အားကစားအဖွဲ့အား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအတွင်းရေး မှူး ဦးညွန့်ဖေ၊ ကော်မတီဝင်ဦးအောင်နိုင် နှင့်တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်း သူများ၊ မြန်မာနိုင်ငံကာယဗလနှင့်ကာယ ကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်မှ အမှုဆောင် များနှင့်ပြည်သူများက အိုးစည်ဒိုးပတ် အကများဖြင့် သောင်းသောင်းဖြဖြကြိုဆို ကြသည်။

ပြိုင်ပွဲသို့ မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဦးကျော်သန်းက အုပ်ချုပ်သူအဖြစ် ခေါင်းဆောင်၍ အားကစားသမား ရဲထွန်းနောင်က အမျိုးသားကာယဗလ ၇၅ ကီလိုတန်း၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ်ဆုကိုဆွတ်ခူးရရှိခဲ့ခြင်းဖြစ် ကြောင်း သိရသည်။

ဝန်းရံခ

# မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲတွင် ဒဂုံစတားအသင်းနှင့် Junior Lions အသင်းတို့ နိုင်ပွဲကိုယ်စီရရှိ

ရန်ကုန် နိုဝင်ဘာ ၁၂

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာ နေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပ လျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၂၃)ပွဲစဉ်များကို ယနေ့ညနေ ပိုင်းတွင် ရန်ကုန်မြို့၌ ယှဉ်ပြိုင်ကစားခဲ့ရာ ဒဂုံစတားအသင်းနှင့် Junior Lions အသင်း တို့နိုင်ပွဲကိုယ်စီရရှိခဲ့ပြီး ရတနာပုံအက်ဖ်စီ အသင်းနှင့် ရှောဝတီယူနိုက်တက်အသင်း တို့ သရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရ သည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၂၃)ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီ တွင် ရန်ကုန်မြို့ စလင်းအားကစားကွင်း ၌ ရတနာပုံအက်ဖ်စီအသင်းနှင့် ရှောဝတီ ယူနိုက်တက်အသင်းတို့ကစားခဲ့ရာ နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ဆက်လက်ပြီး ညနေ ၃ နာရီတွင် ပဒုမ္မာ အားကစားကွင်း၌ ဟံသာဝတီယူနိုက်တက် အသင်းနှင့် Junior Lions အသင်းတို့ ကစားခဲ့ရာJunior Lions အသင်းက ၁ ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ပြီး Junior Lions အသင်းအတွက် တစ်လုံးတည်းသောသွင်း ဂိုးကို ပွဲချိန် ၈၂ မိနစ်တွင် သော်ဇင်ကိုက သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီတွင် တောင်ဒဂုံ အားကစားကွင်း၌ ဒဂုံစတားအသင်းနှင့် မြဝတီအသင်းတို့ကစားခဲ့ရာ ဒဂုံစတား အသင်းက ၃ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိ ခဲ့ကြောင်း သိရသည်။

စည်သူအောင်

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၁၂

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၃ ပေမှ ၆ ပေခန့် ရှိနိုင်သည်။

(မိုး/ဇလ)

# မြန်မာ့လက်ရွေးစင်ခရစ်ကက်အမျိုးသမီးအသင်း စင်ကာပူပြိုင်ပွဲတွင် ပထမနှင့် တရုတ်ပြိုင်ပွဲတွင် တတိယဆုဆွတ်ခူးရရှိ

ရန်ကုန် နိုဝင်ဘာ ၁၂

စင်ကာပူနိုင်ငံတွင် အောက်တိုဘာလ ၂၀ ရက်မှ ၃၀ ရက်အထိ ပြုလုပ်ခဲ့သည့် MERLION TROPHY SINGAPORE WOMEN's CRICKET CHAMPIONSHIPS 2024 နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ HANGZHOU မြို့ တွင် အောက်တိုဘာလ ၃၁ ရက်မှနိုဝင်ဘာလ ၁၀ ရက်အထိ ကျင်းပခဲ့သည့် BELT AND ROAD WOMEN's T201 IN HANGZHOU 2024 ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်ခရစ် ကက်အသင်းအနေဖြင့် ပထမဆုဖလားနှင့် အတူ တတိယဆုရရှိခဲ့ကြောင်း သိရသည်။

အောက်တိုဘာလ ၂၀ ရက် မှ ၃၀ ရက် အထိ စင်ကာပူနိုင်ငံတွင်ပြုလုပ်သည့်ပြိုင်ပွဲ၌ အိမ်ရှင် စင်ကာပူနိုင်ငံအသင်း၊ မြန်မာနိုင်ငံ အသင်း၊ ကူဝိတ်နိုင်ငံအသင်းတို့ သုံးသင်း ပတ်လည် ယှဉ်ပြိုင်ကစားကြရာ ဗိုလ်လုပွဲ အဆင့်တွင် ကူဝိတ်အသင်းအားအနိုင်ရရှိ ကာ ပထမဆုရရှိခဲ့သည်။

ဆက်လက်၍ အောက်တိုဘာလ ၃၁ ရက်မှ နိုဝင်ဘာလ ၁၀ ရက်အထိ တရုတ် ပြည်သူ့သမ္မတနိုင်ငံ HANGZHOU မြို့၌ ပြုလုပ်သည့်ပွဲတွင် အိမ်ရှင်တရုတ်အသင်း၊ ဟောင်ကောင်အသင်း၊ မြန်မာအသင်း၊ မွန်ဂိုလီးယားအသင်းတို့သည် ရှုံးထွက်စနစ် ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ဟောင်ကောင်အသင်းက ပထမ၊ တရုတ်အသင်းက ဒုတိယနှင့် မြန်မာအသင်းက တတိယဆုရရှိကြသည်။

အဆိုပါ အောင်ပွဲရမြန်မာ့လက်ရွေးစင် ခရစ်ကက်အမျိုးသမီးအသင်းသည် ယမန် နေ့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် သို့ ပြန်လည်ရောက်ရှိရာ မြန်မာနိုင်ငံခရစ် ကက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသန်းဝင်း၊ မြန်မာ နိုင်ငံခရစ်ကက်အဖွဲ့ချုပ်မှ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြ ကြောင်း သိရသည်။

ဝန်းရံခ

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်း များဆောင်ရွက်ပါက တည်ဆဲဥပဒေ များနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ငြိမ်းချမ်းရေးတက္ကသိုလ် (University for Peace-UPEACE)တို့ပူးပေါင်း၍ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ခြင်းနှင့် ယဉ်ကျေးမှုကွဲပြားခြားနားခြင်းဆိုင်ရာသင်တန်းဖွင့်လှစ်

နေပြည်တော် နိုဝင်ဘာ ၁၂

နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် ငြိမ်းချမ်းရေးတက္ကသိုလ်(University for Peace–UPEACE) တို့၏ပူးပေါင်းစီစဉ်မှုဖြင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ခြင်းနှင့် ယဉ်ကျေးမှုကွဲပြားခြားနားခြင်းဆိုင်ရာသင်တန်း (Training on Peaceful Coexistence and Cultural Diversity)ကို နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ နိုဝင်ဘာလ ၁၁ ရက်မှ ၁၂ ရက်အထိ ဖွင့်လှစ်ခဲ့သည်။ အဆိုပါသင်တန်းသို့ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆက်စပ်အဖွဲ့အစည်းများမှအလယ်အလတ်အဆင့် အရာထမ်း ၃၀ ဦး တက်ရောက်ခဲ့ကြသည်။

သင်တန်းဖွင့်လှစ်ခြင်း၏ ရည်ရွယ်ချက်မှာ ငြိမ်းချမ်းရေးတည်ဆောက်ခြင်း၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ခြင်းနှင့် ယဉ်ကျေးမှုကွဲပြားခြားနားခြင်း၊ စေ့စပ်ညှိနှိုင်းခြင်းနှင့် ပဋိပက္ခများဖြန်ဖြေခြင်း၊ နိုင်ငံစုံသံတမန်ဆက်ဆံရေးနှင့် နိုင်ငံတကာဥပဒေများ၊ လူ့အခွင့်အရေးစသည့်ဘာသာရပ်များတွင် အသိပညာတိုးတက်စေရန် ဖြစ်သည်။

UPEACE ကို ငြိမ်းချမ်းရေး၊ ပဋိပက္ခဆိုင်ရာဆုံးဖြတ်ချက်များနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုတို့ကို အဆင့်မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် ၁၉၈၀ ပြည့်နှစ်တွင် ကုလသမဂ္ဂမှ အပြည်ပြည်ဆိုင်ရာ တက္ကသိုလ်တစ်ခုအဖြစ် တည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။ UPEACE ၏ ရုံးချုပ်သည် ကော်စတာရီကာနိုင်ငံ၌ရှိပြီး ငြိမ်းချမ်းရေး၊ လူ့အခွင့်အရေးနှင့် နိုင်ငံတကာဆက်ဆံရေးဆိုင်ရာဘာသာရပ်များကို သင်ကြားပေးလျက်ရှိကြောင်းသိရသည်။ **(သတင်းစဉ်)**

## တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မြန်မာ့ဆန်တင်ပို့နိုင်ရေး လုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် နိုဝင်ဘာ ၁၂

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မြန်မာ့ဆန်တင်ပို့နိုင်ရေး လုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)အစည်းအဝေးခန်းမ၌ကျင်းပရာ ကြီးကြပ်ရေးအဖွဲ့ဒုတိယဥက္ကဋ္ဌအမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးနှင့် ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

၂၀၂၄ ခုနှစ်အတွက် တရုတ်နိုင်ငံသို့ ဆန်၊ ဆန်ကွဲတင်ပို့လိုသော ကုမ္ပဏီအသစ်များကို စိတ်ဝင်စားမှု အဆိုပြုလွှာ (Expression of Interest– EOI) တင်ပြရန် ဇူလိုင်လပထမပတ်တွင် ကြေညာချက်ထုတ်ပြန်ခဲ့ပြီး လျှောက်ထားလာသည့် ကုမ္ပဏီများ၏ ဆန်စက်နှင့်သိုလှောင်ရုံများကို စိုက်ပျိုးရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာ့ကုန်ပစ္စည်းစစ်ဆေးရေးနှင့်စမ်းသပ်မှုလုပ်ငန်းလီမိတက် (MITS) တာဝန်ရှိသူများက စစ်ဆေးခြင်း၊ ဆောင်ရွက်ထားရမည့် အချက်များနှင့် ပတ်သက်သည့် သင်တန်းပေးခြင်း၊ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံအကောက်ခွန် အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC) တို့ကြားလက်မှတ်ရေးထိုးခဲ့သည့် မြန်မာနိုင်ငံမှ ဆန်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့ရန် စစ်ဆေးခြင်းနှင့် ပိုးမွှားကင်းစင်ရေး သဘောတူစာချုပ်အရ ၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံမှ ဆန်၊ ဆန်ကွဲများ တင်ပို့လိုသော ကုမ္ပဏီများ၏ အချက်အလက်များ၊ ယင်းတို့၏ ဆန်စက်နှင့် သိုလှောင်ရုံများအား မြေပြင်ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များကို နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့ မှ လုပ်ငန်းကြီးကြပ်ရေးအဖွဲ့ထံတင်ပြ၍ GACC တွင် မှတ်ပုံတင်နိုင်ရေးဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

တရုတ်နိုင်ငံသို့ဆန်၊ ဆန်ကွဲတင်ပို့ရန် ၂၀၂၁ ခုနှစ်တွင် GACC မှ မှတ်ပုံတင်ရရှိခဲ့သည့် ကုမ္ပဏီ ၄၃ ခု၊ ၂၀၂၂ ခုနှစ်တွင် ကုမ္ပဏီ ၁၈ ခု ၊ ၂၀၂၃ ခုနှစ်တွင် ကုမ္ပဏီ ၅၀ ခုရှိခဲ့သဖြင့် စုစုပေါင်း ကုမ္ပဏီ ၁၁၁ ခုကို မှတ်ပုံတင်ပေးနိုင်ခဲ့ပြီး ဆန် ၊ ဆန်ကွဲများ တင်ပို့လျက်ရှိကြောင်းသိရသည်။

**(သတင်းစဉ်)**

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”**အစီအစဉ်မှ **“အရိပ်လည်းနေ အခက်လည်းချိုးကြသော PDF အကြမ်းဖက်များမှ အုန်နွဲ့ပေါင်းရွာက ကျောင်းထိုင်ဆရာတော်အား သတ်ဖြတ်သွား”** ခေါင်းစဉ်ဖြင့် ၁၃-၁၁-၂၀၂၄ ရက်**(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့မွန်းလွဲ ၁ နာရီတွင် **“အကြမ်းဖက်သမားတွေရဲ့ လက်သုံးစကား ဒလန်ဆိုတဲ့ခေါင်းစဉ်အောက်မှာ အပြစ်မဲ့ပြည်သူများ သတ်ဖြတ်ခံနေရ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့်ပါဝင်လာသည့်ပရိသတ်များ၏ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၃-၁၁-၂၀၂၄(ဗုဒ္ဓဟူးနေ့)

၁။ ၀၇:၂၀ ဓမ္မပူဇာတေး

၂။ ၀၇:၄၅ မျိုးချစ်တပ်မတော်

၃။ ၀၈:၀၅ အမျိုးသားရေးတေးကဗျာ

၄။ ၀၉:၂၅ ရှေးဟောင်းသုတ

၅။ ၁၀:၄၀ စိုက်ပျိုးသုတ

၆။ ၁၁:၂၅ သီချင်းလက်ဆောင်

၇။ ၁၂:၀၀ ခရီးလည်းသွား စကားလည်းဆို

၈။ ၁၃:၁၀ အမှတ်တရနေ့ရက်များ

၉။ ၁၉:၀၀ **ရုပ်မြင်သံကြားဇာတ်လမ်း ပုဂံမှာသာတဲ့လ (ဒုတိယပိုင်း) သရုပ်ဆောင် ရန်အောင်၊ မေသန်းနု ဒါရိုက်တာ – မြတ်တင်အေး**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) ရုံးချုပ်မှ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူး Mr. Edward Chaker Chaiban ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် လက်ခံတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၁၂

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာကံဇော်သည် အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) ရုံးချုပ်မှ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူး Mr. Edward Chaker Chaiban ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် UNICEF က ထောက်ပံ့ပေးနေသော လုပ်ငန်းအစီအစဉ်များနှင့် စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေ၊ မြန်မာနိုင်ငံနှင့် UNICEF တို့အကြား ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ UNICEF ရုံးမှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြကြောင်းသိရသည်။

(သတင်းစဉ်)

# မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို)နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ မကာအို-မြန်မာ ချစ်ကြည်ရေးအသင်းတို့တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၂

မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများပါဝင်သော အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် မကာအို-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Jose Wong ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့မှ UMFCCI ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။



မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများပါဝင်သော အဖွဲ့နှင့် မကာအို-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr.Jose Wong ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တို့တွေ့ဆုံဆွေးနွေးစဉ်။

အဆိုပါတွေ့ဆုံပွဲသို့ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌ ဦးတင်ဦးနှင့် တာဝန်ရှိသူများ၊ မကာအို-မြန်မာ ချစ်ကြည်ရေးအသင်းမှ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

တွေ့ဆုံစဉ်မြန်မာ-တရုတ်ချစ်ကြည်ရေးအခွန့်ရှည်တည်တံ့ရန်နှင့် ပိုမိုတိုးတက်ရန် အဓိကထား ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ IT ကဏ္ဍ၊ ဆေးဝါးကဏ္ဍစသည့်နယ်ပယ်ပေါင်းစုံတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌနှင့် မကာအို-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌတို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

◆ကျောဖုံးမှအဆက်




မစ္စတာ အီစ်ကန်ဒဲအာဇီဇော့ဖ်နှင့် သံရုံးတာဝန်ရှိသူများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ကိုယ်စားလှယ်အဖွဲ့အား Lotte Hotel ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံရာ အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် H.E.Mr. Alexey Sambuevich Tsydenov က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် ရုရှားအဆိုအကနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆိုအကများဖြင့် ဧည့်ခံဖျော်ဖြေကြပြီး ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အဆိုအကအဖွဲ့အားဂုဏ်ပြုပန်းခြင်းပေးအပ်၍ တက်ရောက်လာကြသူများက ရုရှား-မြန်မာ ချစ်ကြည်ရေးအခွန့်ရှည်တည်တံ့ပါစေကြောင်း ဆုတောင်းလျက် အပြန်အလှန်နှုတ်ဆက်စကားများ ပြောကြားပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သိရသည်။

ဝန်းရံခ






# သာစည်-မန္တလေးရထားလမ်းပိုင်း၌ လူစီးရထားစတင်ပြေးဆွဲ

နေပြည်တော် နိုဝင်ဘာ ၁၂

မြန်မာ့မီးရထားအနေဖြင့် ပြည်သူများ ခရီးသွားလာမှုလွယ်ကူအဆင်ပြေချောမွေ့စေရေးအတွက် ရထားလမ်းပိုင်းများတွင် လူစီးရထားများပြေးဆွဲဆောင်ရွက်ပေးလျက်ရှိရာ သာစည်-မန္တလေး ခရီးစဉ်အမှတ်(သ-၃၀၁)အဆန်နှင့် မန္တလေး-သာစည် ခရီးစဉ်အမှတ်(သ-၃၀၂)အစုန် RBE လူစီးရထားများကို နိုဝင်ဘာလ ၁၁ ရက်မှ စတင်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ အမှတ်(သ-၃၀၁)အဆန် သာစည်-မန္တလေး RBE ရထားသည် သာစည်ဘူတာမှ နံနက် ၅ နာရီခွဲတွင် စတင်ထွက်ခွာ၍ မန္တလေးဘူတာသို့ နံနက် ၉ နာရီခွဲတွင် ဆိုက်ရောက်မည်ဖြစ်ကြောင်းနှင့် အမှတ်(သ-၃၀၂)အစုန် မန္တလေး-သာစည် RBE ရထားသည် မန္တလေးဘူတာမှ ညနေ ၃ နာရီတွင် ပြန်လည်ထွက်ခွာ၍ သာစည်ဘူတာသို့ ည ၇ နာရီတွင် ဆိုက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

လမ်းခရီးတွင် ဘူတာစဉ် ရပ်တန့်ပေးသွားမည်ဖြစ်ပြီး အဆိုပါ RBE ရထားတွဲဆိုင်းတွင် ခရီးသည်ရပ်စီး/ထိုင်စီး စုစုပေါင်း ၁၀၀ စီးနင်းလိုက်ပါနိုင်ကာ ခရီးသွားလက်မှတ်ခအား ခရီးစဉ်အစမှ အဆုံးထိ တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှင့် ခရီးတစ်ဝက်လိုက်ပါစီးနင်းပါက ငွေကျပ်၂၅၀၀ နှုန်းဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်သည်။

မြန်မာ့မီးရထားအနေဖြင့် လက်ရှိပြေးဆွဲပေးလျက်ရှိသော ရထားခရီးစဉ်များတွင် ခရီးသည်စီးနင်းမှုများပြားလာသည်နှင့်အမျှ ရထားတွဲဆိုင်းများ ပိုမိုချိတ်ဆက်ခြင်း၊ ရထားစင်းရေတိုးမြှင့်ပြေးဆွဲခြင်းအစီအစဉ်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ခရီးသွားမိဘပြည်သူများအနေဖြင့် လုံခြုံစိတ်ချစွာလိုက်ပါစီးနင်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

## ညအပူချိန်လျော့နည်းခဲ့သော စခန်းများ၏ ၁၂-၁၁-၂၀၂၄ ရက်နေ့ အနိမ့်ဆုံးအပူချိန်များ

| မြို့အမည် | ဒီဂရီဆဲလ်စီးယက် | ဒီဂရီဖာရင်ဟိုက် |
|---|---|---|
| ဟားခါးမြို့ | ၇.၆ | ၄၅.၇ |
| တီးတိန်မြို့ | ၁၀.၂ | ၅၀.၄ |
| ပြင်ဦးလွင်မြို့ | ၁၂.၁ | ၅၃.၈ |

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။


နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။
အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR
TBB,TBR,PCR တာယာ အရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ် တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။
ပင်ရင်းအရောင်းဌာန-ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၄
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၀၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
THE BEST QUALITY TYRE


"ဒေါ်းမြကြည်လင် စိတ်ချမ်းရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း"
နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်၊
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၀၊ ၀၉ ၆၆၆၁၀၈၆၄၆
STARMART Nay Pyi Taw
ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
NAY PYI TAW
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊
ဖုန်း - ၀၉ ၆၆၁၀၇၀၂၂၄၄


OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la
Phone,09 798157939(Office),09 773646431(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar


မြန်မာလမ်း(မြ)အင်(န်)ဒဲဗလော့(ပ်)မင့်(တ်)လီမိတက်
Myanmar Land and Development Limited
အဆင့်မြင့်နည်းပညာဖြင့် ပစ္စည်းအစစ်အမှန်သုံးကာ မြန်-ကောင်း-သက်သာ စိတ်တိုင်းကျစွာဖြင့် ဆောက်လုပ်ပေးမှာ MLDL ပါ
အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်)
ဆက်သွယ်ရန်
Myanmar Land and Development Limited၊ အမှတ်(၁/၂)၊ သီရိရတနာလမ်း၊ ဒက္ခိဏသီရိဟိုတယ်အနီး၊ ဇေယျာသီရိရပ်ကွက်၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်၊
ဖုန်း - ၀၆၇ ၄၄၃၁၁၀၈၊ ၀၆၇ ၄၄၃၁၁၀၂၊ ၀၆၇ ၄၄၃၁၁၀၅၊ ၀၆၇ ၄၄၃၁၁၀၉၊ Fax - ၀၆၇ ၄၄၃၁၁၁၁၊ Email; myanmarland2005@gmail.com

# နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကိုမည်သည့်အခါမျှသစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

( ခ ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာ သုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန် နားချိန်မရှိဘဲ အချိန်ပြည့် တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

( ဂ ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

( ခ ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

( ဂ ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

( င ) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိစစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

( ခ ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

( ဂ ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့် ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

( င ) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်) တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

( ခ ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

( ဂ ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

( င ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

( စ ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄) ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာ ချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| ( ခ ) | ဒုတိယဆု | ၈၀၀၀၀၀ | ကျပ် |
| ( ဂ ) | တတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀၀၀၀ | ကျပ် |
| ( င ) | ပဥ္စမဆု | ၅၀၀၀၀၀ | ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| ( ခ ) | ဒုတိယဆု | ၈၀၀၀၀၀ | ကျပ် |
| ( ဂ ) | တတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀၀၀၀ | ကျပ် |
| ( င ) | ပဥ္စမဆု | ၅၀၀၀၀၀ | ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| ( ခ ) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| ( ဂ ) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| ( င ) | ပဥ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| ( စ ) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| ( ဇ ) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| ( ခ ) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| ( ဂ ) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| ( င ) | ပဥ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| ( စ ) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| ( ဇ ) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| ( ခ ) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| ( ဂ ) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| ( င ) | ပဥ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| ( စ ) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| ( ဇ ) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| ( ခ ) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| ( ဂ ) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| ( င ) | ပဥ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| ( စ ) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| ( ဇ ) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| ( ခ ) | ဒုတိယဆု | ၆၀၀၀၀၀ | ကျပ် |
| ( ဂ ) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| ( င ) | ပဥ္စမဆု | ၃၀၀၀၀၀ | ကျပ် |
| ( စ ) | အထူးဆု(၁) | ၂၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၂၀၀၀၀၀ | ကျပ် |
| ( ဇ ) | အထူးဆု(၃) | ၂၀၀၀၀၀ | ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| ( ခ ) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| ( ဂ ) | တတိယဆု | ၆၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀၀၀၀ | ကျပ် |
| ( င ) | ပဥ္စမဆု | ၄၀၀၀၀၀ | ကျပ် |
| ( စ ) | အထူးဆု(၁) | ၃၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၃၀၀၀၀၀ | ကျပ် |
| ( ဇ ) | အထူးဆု(၃) | ၃၀၀၀၀၀ | ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

❖ **နိုင်ငံတစ်နိုင်ငံ၏အင်အားသည် ပညာပေါ်တွင်အခြေခံ . . .**

❖ **ဗလငါးတန်ပြည့်ဝပြီး အသိဉာဏ်ပညာပြည့်စုံသည့် ကျောင်းသား၊ ကျောင်းသူ လူငယ်များသည် နိုင်ငံ၏အင်အား၊ နိုင်ငံ၏ အနာဂတ်များဖြစ်. . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲနှင့် အစိုးရအဖွဲ့ဥက္ကဋ္ဌ H.E. Mr. Alexey Sambuevich Tsydenov (အလက်စီ ဆမ်ဘူယဲဗစ် စီဂျယ်နော့ဗ်) ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့အလည်အပတ်ခရီးရောက်ရှိ

ရန်ကုန် နိုဝင်ဘာ ၁၂

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲနှင့်အစိုးရအဖွဲ့ဥက္ကဋ္ဌ H.E. Mr. Alexey Sambuevich Tsydenov (အလက်စီ ဆမ်ဘူယဲဗစ် စီဂျယ်နော့ဗ်) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့သို့အလည်အပတ်ခရီးစဉ်အဖြစ် ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြသည်။

ရောက်ရှိလာကြသည့် ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး

**စာမျက်နှာ ၂၇ ကော်လံ ၃◆**




ဆောင်းပါး

**အာရှကိုမဏ္ဍိုင်ပြု ဖွံ့ဖြိုးမည့် ဉာဏ်ကမ္ဘာမှာ**

စာ - ၅ သို့

**မြန်မာ့လက်ရွေးစင် ခရစ်ကက်အမျိုးသမီး အသင်းစင်ကာပူပြိုင်ပွဲတွင် ပထမနှင့်တရုတ်ပြိုင်ပွဲတွင် တတိယဆုဆွတ်ခူးရရှိ**

စာ - ၂၅ သို့




# လေဖိအားနည်းရပ်ဝန်းဆက်လက်တည်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၂

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်း၊ အိန္ဒိယနိုင်ငံ တမီးနာဒူးလ်မြောက်ပိုင်းကမ်းလွန်နှင့်ယင်းနှင့်ဆက်စပ်လျက်ရှိသော အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း(Low Pressure Area)သည် ဆက်လက်တည်ရှိနေပါသည်။

(မိုး/ဇလ)

**သာစည်-မန္တလေးရထားလမ်းပိုင်း၌ လူစီးရထား စတင်ပြေးဆွဲ**

စာ - ၂၇ သို့

နိုင်ငံ တကာ သတင်း

**ဖိလစ်ပိုင်က သီတင်းပတ် သုံးပတ်အတွင်း ငါးလုံးမြောက် မုန်တိုင်းအတွက် အသင့်ပြင်ဆင်နေရ**

စာ - ၂၃ သို့

ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်

ရွှေမန်းသူ

အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း

ပါရမီလက်မှတ်အရောင်းဌာန

ရွှေမန်းသူ ၀၉၂၅၄၇၈၁၀၆၀၊ ၀၉၂၆၁၄၀၀၈၄၄

ရွှေမြိုင်သူ ၀၉၂၆၁၄၀၀၈၅၅

ရှမ်းမလေး ရန်ကုန်မြို့တွင်း

G & G Store ဆိုင်များ

ပုသိမ်သူ Online

Easy Ticket, Go - Auto Ticket

ရန်ကုန်
- နေပြည်တော်
- တောင်ကြီး
- မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်
- ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ
- ပုဂံ (ညောင်ဦး) - ပခုက္ကူ
- မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ
- မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ခမီ
- တောင်ငူ - ဆွာ - ရေနီ
- ပုသိမ်



ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု